ကေတုပဗ္ဗောစာစဉ် (၁၈)

# နှစ်ဖက်မြင်ဖြစ်စေချင်

အရှင်ကုဏ္ဍလာဘိဝံသ

တင်ပြသည်


၃

နှစ်ဝထ်ခြင်း ဖြစ်ဝစေချင်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူတကာ အလှူတွင် တရားအလှူသည် အမြတ်ဆုံး

သို့

------------------------------

------------------------------

မှ

------------------------------

------------------------------ ၏

အမှတ်တရ ဓမ္မဒါန လက်ဆောင်မွန်

အမှတ် ၂၇၄၉၂၄
ရက်စွဲ ၁၂-၇-၁၁



# မင်္ဂလာရှင်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်
ဘုတလင်မြို့နယ်၊ ခိုချောင်းရွာ

**ခမည်းတော် ဦးဘသိန်း**

(၈၁-နှစ်မြောက် မွေးနေ့မင်္ဂလာ)

**မယ်တော် ဒေါ်ဖွားမြစ်**

(၈၄-နှစ်မြောက် မွေးနေ့မင်္ဂလာ)

မိသားစု ကောင်းမှု နိဗ္ဗာန်ဆု
၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်
(အင်္ဂါနေ့)

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

# " မိတ်ဆက်လွှာ "

ဤ "နှစ်ဖက်မြင် ဖြစ်စေချင်" အိတ်ဆောင်စာအုပ်ငယ်လေးသည် ၁၃၇၃-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၆) ရက်၊ (၂၅-၁-၂၀၁၁)ခု အင်္ဂါနေ့ညမှာ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့(၃၆)ကွက်၊ ပရဟိတ (အခမဲ့) လူမှုကူညီရေးအသင်း၏(၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဟောကြားထားသော တရားတော်ဖြစ်ပါသည်။

[၄]　　အရှင်တ္တာဝိုထာထိဝံထ

## "အလံတံခွန်"

အင်္ဂုတ္တရပါဠိ(ပထမအုပ်)၌ မြတ်စွာဘုရားသည် ယခုလို ဟောတော်မူထားပါ၏။

ဘာသယေ ဇောတယေ ဓမ္မံ၊
ပဂ္ဂဟေ ဣသိနံ ဓဇံ။
သုဘာသိတဓဇာ ဣသယော၊
ဓမ္မော ဟိ ဣသိနံ ဓဇော။

မြန်မာပြန်

မြတ်စွာဘုရားရှင်တို့၏
"အလံတံခွန်"သဖွယ်ဖြစ်သော
တရားဓမ္မကို ဟောကြား ပြသ ဆုံးမရာ၏။
ထွန်းလင်းဖြန့်ဝေရာ၏၊ ချီးမြှောက်

ထောက်ပံ့ပူဇော်ရာ၏။
မြတ်စွာဘုရားရှင်တို့သည်
ကောင်းစွာဟောကြားတော်မူအပ်သော
တရားတည်းဟူသော
"အလံတံခွန်"ရှိကြကုန်၏၊ မှန်ပါ၏။
ဓမ္မ သည် မြတ်စွာဘုရားရှင်တို့၏
"အလံတံခွန်" ပါတည်း။

**"မယ်တော် ခမည်းတော်"**

စာရေးသူ၏ မယ်တော်ကြီးသည်
၁၃၇၃-ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့မှာ
အသက်(၈၄)နှစ်မြောက် မွေးနေ့သို့
ရောက်ခဲ့ပါ၏။

စာရေးသူ၏ ခမည်းတော်ကြီးသည်
၁၃၇၃-ခုနှစ်၊ ဝါဆိုလဆန်း(၁၄)ရက်၊
ကြာသပတေးနေ့မှာ
အသက်(၈၃)နှစ်မြောက် မွေးနေ့သို့
ရောက်မည်ဖြစ်ပါ၏။

## ''ဓမ္မဒါန''

မယ်တော်၊ ခမည်းတော်တို့၏
မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ်
" သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
တရားအလှူသည် အလှူအားလုံးတို့ထက်
သာလွန်မွန်မြတ်၏" ဟူသော
မြတ်ဗုဒ္ဓဒေသနာတော်နှင့်အညီ ဓမ္မဒါန
ဓမ္မပူဇာအဖြစ်

ဤ "နှစ်ပက်မြင် ဖြစ်စေချင်"
အိတ်ဆောင်စာအုပ်ငယ်လေးကို
ကေတုပဒ္ဓော စာစဉ်(၁၈)အဖြစ်
ထုတ်ဝေပူဇော်လိုက်ပါ၏။

ချမ်းသာကြပါစေ . . .

အရှင်ကုဏ္ဍိကာဘိဝံသ

မန္တလေးပဒ္ဓောတာရုံ
၁၃၇၃-ခုနှစ်၊ ကဆုန်လပြည့်နေ့
(၁၇-၅-၂၀၁၁)၊ အင်္ဂါနေ့

ဓမ္မဒါနကုသိုလ်ရှင်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊
(၂၇) လမ်း၊ အမှတ် (၃၂) နေ

# ဦးတိုးကြည် + ဒေါ်ယဉ်ယဉ်

မိသားစုကောင်းမှု နိဗ္ဗာန်ဆု

၂၅-၅-၂၀၁၁

**ဓမ္မဒါန ၁၀၀၀၀၀စ်/-**

ပရဟိတ(အစမဲ့) လူမှုကူညီရေးအသင်း
အသင်းသူ၊ အသင်းသားများ
ကြွရောက်လာကြတဲ့ တရားနာ
ပရိတ်သတ်အပေါင်း
သူတော်ကောင်းတို့တတွေ ဦးဇင်းတို့တတွေ
သက်တော်ထင်ရှား မြတ်စွာဘုရားကို
ရည်မှန်းကာ ဘုရားရှိခိုးကြရအောင်ပါ။

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ။

အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ သာဒရံ။

သော ဘဂဝါ၊ ထိုရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ ကာရဏေန-တစ်ထောင်ငါးရာ ကိလေသာတို့ ဝေးကွာပေတောင်း ဤအကြောင်းကြောင့်လည်း၊ အရဟံ- အရဟံဟူသော ဂုဏ်တော်ထူးဖြင့် ကြည်နူးနှစ်ခြိုက် ပူဇော်ထိုက်ပါပေ၏။

ဧဝံ နဝဟိ ဂုဏေဟိ- ဤအရဟတာ အစလာသည့် ကိုးဖြာသော ဂုဏ်တော်တို့ဖြင့်၊ လောကမှိ - ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌၊ ကိတ္တိဗျာပိတံ - သိမ့်သိမ့်တုံခတ် ပွဲ့တင်ထပ်မျှ

နှံ့စပ်ကျော်စောတော် မူပေထသော၊ အတုလ - သီလခေါင်ထည့် သမာဓိနှင့် ကြီးဘိပညာ လွန်ကဲသာ၍ ပြိုင်လာနိုင်းသူ အတူလည်း ရှိတော် မမူထသော၊ ဓမ္မရာဇာနံ - သုံးဘုံမကိုင်ရွ သုံးထိုက်သရဖူ သုံးဆူသင်းကျစ် ဓမ္မရာဇ်ထွင်ရွ ထား၊ ရှင်တော်မြတ်ဘုရားကို၊ တီဟိ-လက်အုပ် အဉ္ဇလီ နှုတ်သံချီ၍ ရှင်ကြည်မနော သုံးပါး သောဒွါရတို့ဖြင့်၊ သာဒရံ- လေးမြတ် ကြည်ညို ရှိသေခြင်းရှိသည်ဖြစ်၍၊ ဝန္ဒာမိ - ဂုဏ်တော် ထုံမွှမ်း ပုံတော်မှန်းလျှက် ချီးမွှမ်းထောမနာ ပဏ္ဏာညွှတ်ကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့ ပါ၏ အရှင်ဘုရား။

သာဓု သာဓု သာဓု

သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှန်းကာ ဘုရားရှိခိုးပြီးတဲ့နောက် ဦးဇင်းတို့ တတွေ သူတော်စဉ်တို့တတွေ သတ္တဝါတွေ ကျန်းမာချမ်းသာကြစေရန် ရည်သန်ကာ မေတ္တာပို့ကြရအောင်ပါ။ မေတ္တာပို့တဲ့အခါ ပထမဆုံး ဦးဇင်းတို့ သူတော်ဇင်းတို့ရဲ့ အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တွေ၊ ဆရာ သခင် ကျေးဇူးရှင်တို့နှင့်တကွ မြတ်ဗုဒ္ဓရဲ့ ပရိယတ်၊ ပဋိပတ် သာသနာ့တာဝန်တွေကို ထမ်းဆောင်တော်မူနေကြတဲ့ သံဃာတော် အရှင်မြတ်တွေကို ပထမဆုံး မေတ္တာပို့ကြရ အောင်ပါ။

၁။ မိဘဆရာ၊ များသံဃာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

## နှစ်ဖယ်မြစ် ဖြစ်စေချင် [၁၃]

၂။ ဒို့အိမ်တွင်းမှာ ၊ များသတ္တာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

၃။ ဒို့တိုက်တွင်းမှာ၊ များသတ္တာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

၄။ ဒို့ရပ်တွင်းမှာ၊ များသတ္တာ ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

၅။ ဒို့မြို့တွင်းမှာ၊ များသတ္တာ ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

၆။ ဒို့ပြည်တွင်းမှာ၊ များသတ္တာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

၇။ ဒို့ကမ္ဘာတွင်းမှာ၊ များသတ္တာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

၈။ သုံးဆယ်တစ်ဘုံတွင်းမှာ၊ များသတ္တာ၊
ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ၊ ဘယပတ္တာ စ နိဗ္ဘယာ။

သောကပတ္တာ စ နိသောကာ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။

သာမဝေါ-တရားချစ်ခင် စိတ်ကောင်း ဝင်ကြသော တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့၊ ဒုက္ခပတ္တာ-ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း စတဲ့ ဆင်းရဲဒုက္ခ ဟူသမျှတို့သို့ ဆိုက်ရောက်၍ နေကြကုန်သော၊ **သဗ္ဗေပိ** -ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော၊ **ပါဏိနော**-များလှသောင်းသောင်း သတ္တဝါ အပေါင်းတို့သည် ၊ **နိဒ္ဒုက္ခာစ**-ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းစတဲ့၊ ဆင်းရဲဒုက္ခ ဟူသမျှတို့မှ ကင်းငြိမ်းကြကုန်သည်လည်း၊ **ဟောန္တု**-စင်စစ်

မသွေ ဖြစ်တော်မူကြပါစေကုန်သတည်း။

သာဓု  သာဓု  သာဓု

ဘယပတ္တာ - ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ် မှန်သမျှ အဝဝတို့သို့ ဆိုက်ရောက်၍ ကျရောက်၍နေကြကုန်သော၊ သဗ္ဗေပိ - ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော၊ ပါဏိနော- များလှသောင်းသောင်း သတ္တဝါအပေါင်းတို့သည် ၊ နိဗ္ဘယာစ-ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်မှန်သမျှ အဝဝတို့မှ ကင်းငြိမ်းကြကုန်သည်လည်း၊ ဟောန္တု-စင်စစ်မသွေ ဖြစ်တော်မူကြပါစေကုန်သတည်း။

သာဓု  သာဓု  သာဓု

သောကပတ္တာ-စိုးရိမ်ပူဆွေး ငိုကြွေး ခြင်းစတဲ့ သောကဟူသမျှကြောင့်ကြ ဗျာပါဒတို့ သို့ ဆိုက်ရောက်၍ နေကြကုန်သော၊ **သဗ္ဗေပိ-** ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော၊ **ပါဏိနော**-များလှသောင်းသောင်း သတ္တဝါ အပေါင်းတို့သည်၊ **နိသောကာစ**-စိုးရိမ်ပူဆွေး ငိုကြွေးခြင်း စတဲ့ သောကဟူသမျှ ကြောင့်ကြ ဗျာပါဒတို့မှ ကင်းငြိမ်းကြကုန်သည်လည်း၊ **ဟောန္တု** - စင်စစ်မသွေ ဖြစ်တော်မူကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊
အမရဍ္ဎာနီ အရှေ့(၃၆)ကွက်၊
အရိပ်မထွက်ဘုရားတောင်ဘက်
မဟာဓမ္မာရုံ၌ ပရဟိတ (အခမဲ့)
လူမှုကူညီရေးအသင်း (၂)နှစ်ပြည့်
အထိမ်းအမှတ် ဓမ္မသဘင်အဖြစ်
၁၃၇၂-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် (၆)ရက်
(၂၅-၁-၂၀၁၁) ည (၇:၀၀)နာရီ (၃၀)မိနစ်
အချိန်မှာ ဟောကြားအပ်သော
“နှစ်ပက်မြင် ဖြစ်စေချင်” တရားတော်

ဦးဇင်းတို့ မြတ်စွာဘုရားဟာ (၄၅)ဝါ ကာလပတ်လုံး ဝေနေယျ သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေး တော်မူခဲ့ပါတယ်။ ဟောကြားတော်မူခဲ့ပါတယ်၊ ဦးဇင်း ဒီနေ့ည ဟောကြားမည့်တရားတော် အင်္ဂုတ္တရနိကာယ် တိကနိပါတ်မှာလာရှိတဲ့ အန္ဓသုတ္တန်တရားတော် ဖြစ်ပါတယ်၊ ဒီနေ့ ကြွရောက်လာကြတဲ့ တရားနာပရိတ်သတ်များ၊ မှတ်မိလွယ်အောင် မြန်မာလို နာမည်ပေးရရင် "နှစ်ဖက်မြင် ဖြစ်စေချင်တရားတော်" ဖြစ်ပါ တယ်။ ဘာ တရားတော်ပါလဲ?

"နှစ်ဖက်မြင်ဖြစ်စေချင်" တရားတော်ပါဘုရား။

## "ပုဂ္ဂိုလ်လေးမျိုး"

ပထမဆုံး ပရဟိတ(အခမဲ့) လူမှုကူညီရေးအသင်းနဲ့စပ်ပြီးတော့ ဆလာဝါတသုတ်မှာ မြတ်စွာဘုရား ဟောတော်မူထားတဲ့ ပုဂ္ဂိုလ်လေးမျိုးကို အရင်ဆုံးပြောပြပါမယ်၊ ဆလာဝါတသုတ်မှာ မြတ်စွာဘုရားရှင်က -

၁။ မိမိအကျိုးကိုလည်း မဆောင်ရွက်၊ သူတစ်ပါးတို့ရဲ့ အကျိုးကိုလည်း မဆောင်ရွက်သော ပုဂ္ဂိုလ်၊

၂။ သူတစ်ပါးရဲ့အကျိုးကိုသာ ဆောင်ရွက်ပြီး၊ မိမိတို့ရဲ့အကျိုးကို မဆောင်ရွက်သောပုဂ္ဂိုလ်၊

၃။ မိမိရဲ့အကျိုးကိုသာ ဆောင်ရွက်ပြီး၊ သူတစ်ပါးရဲ့ အကျိုးကို မဆောင်ရွက်သောပုဂ္ဂိုလ်၊

၄။ မိမိရဲ့အကျိုးကိုလည်း ဆောင်ရွက်၊ သူ

တစ်ပါးတို့ရဲ့ အကျိုးကိုလည်း ဆောင်ရွက်သော ပုဂ္ဂိုလ်လို့ ပုဂ္ဂိုလ်လေးမျိုးကို ဟောတော်မူထား ပါတယ်။

## "အညံ့ဆုံးပုဂ္ဂိုလ်"

အဲ့ဒီပုဂ္ဂိုလ်လေးမျိုးထဲမှာ နံပါတ်တစ် ဖြစ်တဲ့ မိမိရဲ့အကျိုးကိုလည်း မဆောင်ရွက်၊ သူတပါးတို့ရဲ့ အကျိုးကိုလည်း မဆောင်ရွက် သော ပုဂ္ဂိုလ်ကို ဘာမျှ အသုံးချလို့မရတဲ့ အသုံး မကျတဲ့ သူသေကောင်ပုတ်ထင်းမီးစနဲ့ တူတဲ့ ပုဂ္ဂိုလ်လို့ မြတ်စွာဘုရား ဟောတော်မူထားပါ တယ်။ သူသေကောင် ဖုတ်ထင်းမီးစဟာ ဘေး နှစ်ဖက်မှာလည်း မီးလောင်ထားပါတယ်၊ အလယ်မှာ မစင်တွေ လူးပေနေပါတယ်၊ အဲ့

သလို ဘေးနှစ်ဖက်မှာလည်း မီးစွဲလောင်ထားတဲ့ အလယ်မှာလည်း မစင်တွေ လူးပေနေတဲ့ သူသေကောင်ဖုတ်ထင်းမီးစကို တောမှာဖြစ်စေ၊ ရွာမှာဖြစ်စေ၊ မြို့မှာဖြစ်စေ ထင်းအဖြစ် သစ်သားအဖြစ် လုံးဝအသုံးချလို့မရပါ၊ အသုံးပြုလို့မရပါ။

အဲ့ဒီဥပမာ အတိုင်းပါပဲ၊ မိမိရဲ့အကျိုးကိုလည်း မဆောင်ရွက်၊ သူတပါးတို့ရဲ့ အကျိုးကိုလည်း မဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ မိမိအတွက်ပဲဖြစ်ဖြစ်၊ သူတပါးတို့အတွက်ဖြစ်ဖြစ် ဘယ်လိုမှ အကျိုးစီးပွားမရှိတဲ့ပုဂ္ဂိုလ် အသုံးမကျတဲ့ပုဂ္ဂိုလ် အယုတ်ညံ့ဆုံးဖြစ်တဲ့ပုဂ္ဂိုလ် အောက်တန်းကျတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်၊

## "အမြတ်ဆုံးပုဂ္ဂိုလ်ပါ"

နံပါတ်လေးဖြစ်တဲ့ မိမိရဲ့အကျိုးကိုလည်း ဆောင်ရွက်၊ သူတစ်ပါးတို့ရဲ့ အကျိုးကိုလည်း ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ ပုဂ္ဂိုလ်လေးမျိုးထဲမှာ အသာဆုံးဖြစ်သော ပုဂ္ဂိုလ် အကောင်းဆုံးဖြစ်သော ပုဂ္ဂိုလ်အမြတ်ဆုံးဖြစ်သော ပုဂ္ဂိုလ်ဖြစ်ပါတယ်။

လောကဥပမာအားဖြင့် နွားမမှနေ၍ နွားနို့ရလာပါတယ်၊ နွားနို့ကနေ နို့ရည်၊ နို့ရည်ကနေ နို့ခမ်း၊ နို့ခမ်းကနေ ဆီဦး၊ ဆီးဦးကနေ ထောပတ်၊ ထောပတ်ကနေ ထောပတ်ဆီအကြည် ဖြစ်လာပါတယ်၊ အဲ့ဒီနွားနို့စသည့် အရာဝတ္ထုတွေထဲမှာ ထောပတ်ဆီ အကြည်ဟာ အသာဆုံး၊ အကောင်းဆုံး၊ အမြင့်မြတ်ဆုံး

ဖြစ်ပါတယ်။

အဲ့ဒီဥပမာအတိုင်းပါပဲ၊ ပုဂ္ဂိုလ်လေးမျိုးထဲမှာ မိမိရဲ့အကျိုးကိုလည်းဆောင်ရွက်၊ သူတပါးတို့ရဲ့ အကျိုးကိုလည်း ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဟာ အကောင်းဆုံး၊ အသာဆုံး အမြင့်မြတ်ဆုံး ဖြစ်ပါတယ်။

## "ဆည်းပူးအားထုတ် ပြုလုပ်ကြ"

ဒါကြောင့် ပရဟိတအခမဲ့ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ အတွင်းရေးမှူးနှင့်တကွ အသင်းသူ၊ အသင်းသားတွေ ဒီနေ့ကြွရောက်လာကြတဲ့ တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့တတွေဟာ မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ ပုဂ္ဂိုလ်လေးမျိုးထဲမှာ အကောင်းဆုံး

အသာဆုံး အမြင့်မြတ်ဆုံးဖြစ်တဲ့ မိမိရဲ့အကျိုးကို လည်းဆောင်ရွက်၊ သူတပါးတို့ရဲ့ အကျိုးကိုလည်း ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင် အကောင်းဆုံး အသာဆုံး အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်အောင် မိမိရဲ့အကျိုးစီးပွားကိုလည်း ဆောင်ရွက်ကြရပါမယ်။ ဆည်းပူးအားထုတ်ပြုလုပ်ကြရပါတယ်၊ သူတပါးတို့ရဲ့ အကျိုးစီးပွားကိုလည်း ဆောင်ရွက်ကြရပါမယ်၊ ဆည်းပူးအားထုတ်ပြုလုပ်ကြရပါမယ်။

## "လူတွေက ပိုသိရမှာ"

ဦးဇင်း ဒီနေ့ည ဟောကြားမည့် တရားတော်က "နှစ်ဖက်မြင် ဖြစ်စေချင်" တရားတော်ဖြစ်ပါတယ်။

ဘာတရားတော်ပါလဲ?

"နှစ်ဖက်မြင် ဖြစ်စေချင်" တရားတော်ပါ ဘုရား။

ဒီ "နှစ်ဖက်မြင် ဖြစ်စေချင်" တရားတော် ကို ဦးဇင်းတို့ သံဃာတော်တွေထက် လူတွေက ပိုသိရမှာ၊ နားလည်ရမှာ ဖြစ်ပါတယ်၊ လူတွေ အနေနဲ့ နှစ်ဖက်မြင် ဖြစ်စေချင် တရားတော်မှာ လာသည့်အတိုင်း စီးပွားရေးမှာလည်း အမြင် ကျယ် ကုသိုလ်ရေးမှာလည်း အမြင်ကျယ် အောင် ကြိုးစားအားထုတ်ကြရမှာ ဖြစ်ပါတယ်။

"ဘုရားဟော ပါဠိတော်"
တယော မေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော
သံဝိဇ္ဇမာနာ လောကသ္မိံ

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဘိက္ခဝေ** - တရားနာပရိတ်သတ်အပေါင်းသူတော်ကောင်းတို့၊ **လောကသ္မိံ** - သတ္တလောကကြီးအတွင်းမှာ၊ တယော-သုံးမျိုးကုန်သော၊ **ဣမေ ပုဂ္ဂလာ**-ဤ ပုဂ္ဂိုလ်တို့သည်။ **သန္တော သံဝိဇ္ဇမာနာ**-စင်စစ်မသွေ ထင်ရှားရှိကြလေကုန်သတည်း။

**ကတမေ တယော** - လောကကြီးထဲမှာ ထင်ရှားရှိကြတဲ့ ပုဂ္ဂိုလ်သုံးမျိုးဆိုတာ အဘယ်ပုဂ္ဂိုလ်တွေလည်းဆိုရင်၊ **အန္ဓော** - နှစ်ဖက်လုံးစုံလုံးကန်းနေသော ပုဂ္ဂိုလ်လည်းကောင်း၊ **ဧကစက္ခု** - တစ်ဖက်သာ အမြင်ရှိသော ပုဂ္ဂိုလ်လည်းကောင်း၊ **ဒွိစက္ခု** - နှစ်ဖက်လုံး အမြင်ရှိသော ပုဂ္ဂိုလ်လည်းကောင်း၊ **ဣတိ** - ဤသို့ ၊

တယော - သုံးမျိုးကုန်သော၊ ဣမေ ပုဂ္ဂလာ - ဤပုဂ္ဂိုလ်တို့သည်၊ လောကသ္မိံ -သတ္တလောကကြီးအတွင်း၌၊ သန္တော သံဝိဇ္ဇမာနာ - စင်စစ်မသွေ ထင်ရှားရှိကြပါပေကုန်၏။ ဣတိ -ဤသို့၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ အဝေါစ -ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

## "ပုဂ္ဂိုလ်သုံးမျိုး"

မြတ်စွာဘုရား တရားဟောတော်မူတဲ့ အခါ ရဟန်းပရိသတ် ရဟန်းမ ပရိသတ်၊ ဥပါသကာ ပရိသတ် ဥပါသိကာမ ပရိတ်သတ် ဆိုပြီး ပရိသတ်လေးပါး ရှိပါတယ်၊ ပရိသတ်

လေးပါးလုံး မြတ်စွာဘုရားရဲ့ တရားတော်ကို နာယူကြပါတယ်၊ ပရိသတ်လေးပါးထဲမှာ "ဘိက္ခဝေ - ရဟန်းတို့" လို့ ရဟန်းများကို ခေါ်တော်မူကာ မြတ်စွာဘုရားက တရားဟောတော်မူလေ့ရှိပါတယ်။

မြတ်စွာဘုရားက "ရဟန်းတို့ သတ္တလောကကြီးအတွင်းမှာ " -

၁။ နှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်၊

၂။ တစ်ဖက်သာ အမြင်ရှိတဲ့ပုဂ္ဂိုလ်၊ တစ်ဖက်မြင်ပုဂ္ဂိုလ်၊

၃။ နှစ်ဖက်လုံး အမြင်ရှိတဲ့ ပုဂ္ဂိုလ်၊ နှစ်ဖက်မြင်ပုဂ္ဂိုလ်၊ လို့ ပုဂ္ဂိုလ် သုံးမျိုး အထင်အရှား

ထင်ရှားရှိကြတဲ့အကြောင်း" ဟော

တော်မူပါတယ်။

## "လောကသုံးမျိုး"

တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့၊ လောက က

၁။ သတ္တလောကရယ်

၂။ သင်္ခါရလောကရယ်

၃။ ဩကာသလောကရယ်လို့ လောကသုံးပါးရှိတယ်။

သတ္တလောကဆိုတာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ၊ တိရစ္ဆာန်တွေကို သတ္တလောကလို့ခေါ်ရပါတယ်။ ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတရားတွေကို သင်္ခါရလောကလို့ ခေါ်ရပါတယ်။ လူတွေရဲ့ နေရာ လူ့ဘုံ လူ့လောက၊ နတ်တွေရဲ့

နေရာ နတ်ဘုံ နတ်လောက၊ ဗြဟ္မာတွေရဲ့နေရာ ဗြဟ္မာဘုံလောက တိရစ္ဆာန်တွေရဲ့ နေရာဌာနကို ဩကာသ လောကလို့ ခေါ်ရပါတယ်။

## "သတ္တလောက"

ဒီနေရာမှာ "လောကသ္မိံ-လောကၡ" ဆိုတာ သတ္တလောကကို ရည်ရွယ်တာပါ၊ သတ္တလောကကို ပြောတာပါ။ ဒါ့ကြောင့် သတ္တလောကကို ကြည့်လိုက်ပါ။ အထူးအားဖြင့် လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောက ၊ လူ့အသိုင်းအဝိုင်းကို ကြည့်လိုက်ပါ။ မိမိတို့ရဲ့ လူမှုအဖွဲ့အစည်းထဲကို ကြည့်လိုက်ပါ။ မိမိတို့ရဲ့ ပတ်ဝန်းကျင်ကို ကြည့်လိုက်ပါ၊ အဲ့ဒီလို ကြည့်လိုက်တဲ့အခါ

၁။ နှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်၊

၂။ တဖက်မြင် ပုဂ္ဂိုလ်၊

၃။ နှစ်ဖက်မြင် ပုဂ္ဂိုလ်

လို့ ပုဂ္ဂိုလ်သုံးမျိုးတို့ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမှာပါ။

ဒီနေရာမှာ နှစ်ဖက်လုံးစုံကန်းနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ပကတိ မျက်စိကန်းနေတာ၊ ပကတိ မျက်စိနှစ်ကွင်း အလင်းမရတာကို ဆိုလိုတာ ပြောဆိုတာ မဟုတ်ပါ၊ အသိ ဉာဏ် ပညာ မျက်စိကန်းနေတာ အသိဉာဏ် ပညာ မျက်စိမရှိတာ လောကကြီးပွားရေး စီးပွားရေး မှာဖြစ်စေ၊ လောကုတ္တရာ ကြီးပွားရေး ကုသိုလ် အမျိုးမျိုးတို့ တိုးပွားရေးမှာ အသိဉာဏ် ပညာ လုံးဝမရှိ တာကို "နှစ်ဖက်လုံးစုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်" လို့ခေါ်ဆိုရပါတယ်။

## "နှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်"

တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့၊ ဒီလောကမှာ အချို့သော အမျိုးသား၊ အမျိုးသမီးဟာ မိမိမှာ မရရှိသေးတဲ့ စည်းစိမ်ဥစ္စာ အဖြာဖြာကို ရရှိလာအောင်၊ မိမိမှာ အဆင်မပြေတဲ့ လုပ်ငန်းကိစ္စ အဝဝတွေ အဆင်ပြေလာအောင်၊ မိမိမှာ မရသေးတဲ့ အောင်မြင်မှုတွေ ရာထူးဌာနန္တရတွေကို ရရှိလာအောင်၊ မိမိမှာ အဆင်မပြေတဲ့ ခက်ခက်ခဲခဲ ရှုန်းကန်လှုပ်ရှားနေတဲ့ စားဝတ်နေရေးတွေ အဆင်ပြေအောင်၊ ချောချောမွေ့မွေ့ ပြေပြေလည်လည် ဖြစ်အောင်၊ စွမ်းဆောင်နိုင်သော ဖန်တီးနိုင်သော အသိဉာဏ်ပညာလုံးဝမရှိပါ။ ဒါက လောကကြီးပွားရေး အစီးအပွားဖြစ်ရေး

အတွက်ပါ။

လောကုတ္တရာ ကြီးပွားရေးအတွက် ကုသိုလ်ရေးအတွက် ဆက်လက်ပြောပြပါမယ်။ အချို့သော အမျိုးသား၊ အမျိုးသမီးဟာ ကုသိုလ်တရား ၊ အကုသိုလ်တရားကို လုံးဝမသိပါ။ လုံးဝနားမလည်ပါ။ လုံးဝဂရုမစိုက်ပါ၊ အပြစ်ရှိတဲ့တရား၊ အပြစ်မရှိတဲ့တရားကို လုံးဝမသိပါ။ လုံးဝနားမလည်ပါ၊ ယုတ်ညံ့တဲ့တရား၊ အောက်တန်းကျတဲ့တရား၊ မြင့်မြတ်တဲ့တရား၊ အထက်တန်းကျတဲ့ တရားကို လုံးဝမသိပါ၊ လုံးဝနားမလည်ပါ။ မည်းညစ်သော အဘို့ရှိတဲ့တရား (ဝါ) မည်းညစ်စေတတ်တဲ့တရား၊ ဖြူစင်သော အဘို့ရှိတဲ့တရား(ဝါ) ဖြူစင်စေတတ်တဲ့ တရားတို့ကို လုံးဝမသိပါ။ လုံးဝနားမလည်ပါ။

လုံးဝဂရုမစိုက်ပါ၊ လုံးဝ မလေ့လာ မလိုက်စား ပါ။

## "ပေါ်လွင်ထင်ရှားအောင်"

နှစ်ဖက်လုံးစုံကန်းနေတဲ့ပုဂ္ဂိုလ်ကို ပေါ်လွင်ထင်ရှားအောင် ဆက်လက်ပြောပြပါမယ်၊ ဒီလောကမှာ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ အချို့သောပုဂ္ဂိုလ်ဟာ မျက်မှောက်ဘဝကြီးပွားရေးအတွက် စီးပွားရေးအတွက် အောင်မြင်ရေးအတွက် မိမိမှာ စားဝတ်နေရေး ပြည့်စုံရေးအတွက် အသိဉာဏ်ပညာ လုံးဝမရှိပါ။ မလုပ်တတ် မကိုင်တတ်ပါ၊ လာဘ်မမြင်ပါ၊ အမျှော်အမြင် မရှိပါ၊ မစွမ်းဆောင်နိုင်ပါ၊ ကြိုးစားအားထုတ်မှုမရှိပါ၊ အလုပ်မလုပ်ပါ။

အဲ့ဒီအမျိုးသား၊ အမျိုးသမီးဟာ ဘဝ သံသရာ ချမ်းသာရေးအတွက် ကုသိုလ်ကောင်း မှုကို မပြုလုပ်ပါ၊ ဒါန သီလ ဘာဝနာ အလုပ် တို့ကို ကြိုးစားအားထုတ်မှု မရှိပါ။ မကောင်းမှု အကုသိုလ်တွေနဲ့သာ ဒုစရိုက်တွေနဲ့သာ အချိန် ကုန်နေပါတော့တယ်။

အဲ့သလို မျက်မှောက်ဘဝ ကြီးပွားရေး၊ ချမ်းသာရေးအတွက် ကြိုးစားအားထုတ်မှု မရှိသူ၊ အလုပ်မလုပ်သူ၊ စီးပွားရေး ၊ ကြီး ပွားရေးအတွက် အသိဉာဏ်ပညာ လုံးဝ မရှိသူ၊ ကုသိုလ်ရေးကို လုံးဝမပြုလုပ်ဘဲ မကောင်းမှု ဒုစရိုက်တွေနဲ့သာ အကုသိုလ် တွေနဲ့သာ အချိန်ကုန်နေသူကို “ နှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်”လို့ ခေါ်ရပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက **ဘိက္ခဝေ**၊ ရဟန်းတော်များ အိုချစ်သားတို့ **ဘိက္ခဝေ**- တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ **အယံ** - ဤစီးပွားရေးမှာလည်း အမြင်မကျယ် ကုသိုလ်ရေးမှာလည်း အမြင်မကျယ်တဲ့ ပုဂ္ဂိုလ်၊ မိမိဘဝအတွက် စီးပွားရေး၊ ကြီးပွားရေးကို လည်း မပြုလုပ်၊ ကုသိုလ်ရေးတွေကိုလည်း မပြုလုပ်ဘဲ မကောင်းမှု ဒုစရိုက်တွေ၊ အကုသိုလ် တွေနဲ့သာ အချိန်ကုန်သော ပုဂ္ဂိုလ်မျိုးကို **အန္ဓော**-နှစ်ဖက်လုံး စုံလုံးကန်းနေသော ပုဂ္ဂိုလ် ဟူ၍ **ဝုစ္စတိ** -ကောင်းစွာမသွေ ဆိုအပ်ပါပေ တော့သတည်း။

သာဓု　သာဓု　သာဓု

ကဲမှတ်မိအောင် လင်္ကာလေး
ဆိုလိုက်ကြပါ။
စီးပွားရေးလည်း သူမမြင်၊
ကုသိုလ်ရေးလည်း သူမမြင်၊
အဲ့ဒီ ပုဂ္ဂိုလ် အကန်းပင်။

"မဟာခနေဝတ္ထု"

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့တတွေ နှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား သိရအောင် ဝတ္ထုကြောင်းလေးကို ဆက်လက်ပြောပြပါမယ်၊ မြတ်စွာဘုရား ဓမ္မစကြာတရားတော်ကို ဟောတော်မူရာဖြစ်တဲ့မြို့က ဗာရာဏသီမြို့ပါ၊ မြတ်စွာဘုရားရှင်ဟာ သားတို့အား

ဘေးမဲ့ပေးရာဖြစ်တဲ့ ဣသိပတန အမည်ရတဲ့ မိဂဒါရုံတောမှာ သီတင်းသုံးနေတော်မူတဲ့ အချိန်မှာပါ၊ ဗာရာဏသီမြို့မှာ မဟာဓနသူဌေးသား ဆိုတာ ရှိပါတယ်၊ မဟာဓန သူဌေးသားရဲ့ မိဘတွေက ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာကြပါတယ်။

## "ချစ်ရာမရောက် နှစ်ရာရောက်"

မိဘတွေက "ဒို့မှာ တစ်ဦးတည်းသောသားလေးသာရှိတယ်၊ ဒို့မှာရှိတဲ့ ကုဋေရှစ်ဆယ် စည်းစိမ်ဥစ္စာများကို သားလေးသုံးမယ်ဆိုရင် တသက်လုံး မကုန်နိုင်ပါ။" လို့ ကြံစည်စဉ်းစားပြီးသော် သားလေးကို ပညာရပ်တွေကို သင်မပေးပါ၊ သားလေး ပင်ပန်းမှာ စိုးလို့ပါ၊ **နစ္စ**

ဂီတ ဝါဒိတ-ကပုံ သီချင်းဆိုပုံနှင့် အတီးအမှုတ်ကိုသာ သင်ပေးပါတယ်၊ ဒီခေတ်လို အနုပညာလောကမှာ အောင်မြင်ကျော်ကြား ထင်ရှားအောင် စီးပွားဖြစ်သင်ပေးတာမဟုတ်ပါ၊ သဘောလောက်သာ သင်ပေးတာပါ၊

အဲဒီ ဗာရာဏသီမြို့မှာ အခြားသော သူဌေးတစ်ဦးမှာလည်း သမီးတစ်ယောက်ရှိတယ်၊ တစ်ဦးတည်းသော သမီးပါ၊ မိဘတွေက ရှုမငြီးတဲ့ တစ်ဦးတည်းသော သမီးကိုလည်း ပင်ပန်းဆင်းရဲမှာစိုးလို့ပါ၊ အခြားသော ပညာရပ်တွေကို သင်မပေးဘဲ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းပညာကိုသာ သင်ပေးပါတယ်။

တကယ်တော့ သိပ္ပံပညာ၊ ဝိဇ္ဇာပညာ၊ သက်မွေးဝမ်းကြောင်းပညာစတဲ့ ပညာရပ်

တွေကို သင်မပေးခြင်းဟာ ချစ်ရာမရောက်ပဲ နှစ်ရာသာရောက်တာပါ။

## "ကပ်စား ရပ်စား"

သူဌေးသားနဲ့ သူဌေးသမီး အရွယ်ရောက်တဲ့အခါ မင်္ဂလာဆောင်ပေးကြပါတယ်၊ သူတို့ရဲ့ အမေ အဖေတို့ဟာ အသက်အရွယ်ကြီးမြင့်လာသောအခါ ကွယ်လွန်သွားကြပါတယ်။ မဟာဓနသူဌေးသားဟာ တစ်ရက်မှာ သုံးကြိမ်ဘုရင်မင်းမြတ်ထံသို့ ဆည်းကပ်ခစားဘို့ရာသွားရတာပါ၊ သူဌေးသွားတဲ့လမ်းမှာ အရက်သမားတွေရှိကြပါတယ်။ အရက်သမားတွေက "ဒို့ သူဌေးကို ရင်းနှီးအောင်လုပ်မှဘဲ၊ သူဌေးနဲ့ ရင်းနှီးရင် ဒို့သူဌေးကို မှီကာစားကြရ၊ သောက်

ကြရမယ်" လို့ ကြံစည်စဉ်းစားမိကြပါတယ်၊ တိုင်ပင်ကြပါတယ်။

အရက်သမားတွေက တစ်နေ့မှာ သူဌေးက လမ်းမကနေ ဖြတ်သွားတဲ့အခါ "အရှင်သူဌေးသား အသက်ရှည်ပါစေ"လို့ ပြောဆိုကြပါတယ်၊ ဆုတောင်းပေးကြပါတယ်။ သူတို့က အရက်ကိုလည်း သောက်ရင်းဆုတောင်းပေးကြပြောကြ၊ ဆိုကြ မိတ်ဆက်ကြခြင်းပါ။

"ကာရာအိုကေအစ မဟာခနေက"

သူဌေးက သူ့ရဲ့အတွင်းရေးမှူးကို "သူတို့ဘာသောက်နေကြတာလဲလို့" မေးပါတယ်။

ယမကာတစ်မျိုး၊ အရည်တစ်မျိုးကို သောက်နေကြတာပါ၊

အဲ့ဒီယမကာက သောက်လို့ကောင်းပါ သလား၊

"လောကမှာ ဒီယမကာလောက် သောက်လို့ကောင်းတဲ့ ယမကာမျိုးမရှိပါသူဌေး" လို့ အတွင်းရေးမှူးက ပြောပြပါတယ်၊ သူဌေးက ယမကာကို အရက်ကို သောက်ကြည့်တာပါ၊ နောင်သောအခါ သူဌေးဟာ ယမကာကို အရက်ကို ကြိုက်သွားပါတော့တယ်။

အရက်သမားတွေဟာ မဟာခနေသူဌေး ကို ဝိုင်းရံမှီခိုကာ သောက်ကြ၊ စားကြ၊ အဆင် ပြေကြပါတော့တယ်၊ အဖွဲ့လိုက် သောက်ရင်း၊ တီးမှုတ်၊ ကခုန် သီဆိုကြတာပါ၊ "ကာရာအိုကေ အစ မဟာခနေက"လို့ ဆိုရမှာပါ၊ မဟာခနေ သူဌေးဟာ သောက်ရင်း၊ စားရင်း၊ သီဆို၊တီးမှုတ်

ကခုန်ပျော်ပါးရင်း သီချင်းဆိုကောင်းသူ အတီး အမှုတ်ကောင်းသူ အကကောင်း သူတို့ကို တစ်ထောင် ၊ နှစ်ထောင် ၊ တစ်သောင်း ၊ နှစ်သောင်း ကျပ် စသဖြင့် ဆုချပါတယ်။

## "မယုံနိုင်စရာပါ"

ဒီလိုနဲ့ မဟာခနေသူဌေးဟာ မျက်မှောက် ဘဝမှာ ကြီးပွားအောင် တိုးတက်အောင် အောင်မြင်အောင် ဘာအလုပ်မှ မလုပ်ပါ။ ဝိုင်းကပ်မြှောက်ပင့်ကာ ကပ်စားခိုစားနေသော အရက်သမား အပေါင်းအသင်းများနဲ့ စားလိုက်၊ သောက်လိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့သာ အချိန်ဖြုန်းနေပါတော့တယ်၊ စည်းစိမ်ဥစ္စာတွေကို သုံးဖြုန်းနေပါတော့တယ်၊ သူ့မှာရှိတဲ့ ကုဋေ

ရှစ်ဆယ်သော စည်းစိမ်ဥစ္စာများ ကုန်သွားပါ တော့တယ်။ မယုံနိုင်စရာပါ။

တပည့်တွေက ကုဋေရှစ်ဆယ်သော စည်းစိမ်ဥစ္စာများ၊ ကုန်ပြီဖြစ်ကြောင်း ပြောပြ ကြတဲ့ အခါ "သူဌေးကတော်ရဲ့ ကုဋေရှစ်ဆယ် သော စည်းစိမ်ဥစ္စာများ ကျန်ပါသေးတယ်၊ ယူခဲ့ ပါ" လို့ပြောပါတယ်၊ ခုနက ပြောပြတဲ့အတိုင်း ဘာအလုပ်မှမလုပ်ဘဲ စားလိုက်၊ သောက်လိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့ နေလိုက်တာ သူဌေး ကတော်ရဲ့ ကုဋေရှစ်ဆယ်သော စည်းစိမ်ဥစ္စာ များလည်း ကုန်သွားပါတော့တယ်။

## "တောင်းစားရတဲ့ ဘဝ"

မဟာဓနဟာ ကုဋေတစ်ရာခြောက်ဆယ် သော စည်းစိမ်ဥစ္စာများ ကုန်ခမ်းသွားတဲ့အခါ

လယ်ယာခြံမြေ၊ အိမ်အသုံးအဆောင်၊ ပရိဘောဂ၊ အိုးခွက်ပန်းကန်များပါ မကျန် ပေါင်နှံ ရောင်းချကာ သုံးဖြုန်းပစ်တာပါ၊ နေအိမ်တိုက်တာကိုလည်း ရောင်းချကာ သုံးဖြုန်းပစ်တာပါ၊ သောက်စားပျော်ပါးပစ်တာပါ၊ အရင်က ပိုင်ဆိုင်သမျှ လယ်ယာခြံမြေ တိုက်တာများ မရှိတော့တဲ့အခါ သူတပါးရဲ့ အိမ်နောက်ဖေးမှာ ဆင်းရဲပင်ပန်းစွာ ကပ်နေရပါတော့တယ်၊ အိုးခြမ်းကွဲ လက်စွဲကာ တောင်းစားရတဲ့ဘဝ ရောက်သွားတာပါ။

တစ်နေ့မှာ မဟာဓနဟာ ဣသိပတန အမည်ရတဲ့ မိဂဒါရုံကျောင်းသို့ ဇနီးနှင့်အတူ ရောက်လာတာပါ။ ရဟန်းဝတ်ဖို့ ရဟန်းပြုဖို့ မဟုတ်ပါ၊ ဦးပဉ္ဇင်းတွေ ကိုရင်တွေထံမှ ဆွမ်း

ကျန်၊ ဟင်းကျန်ကို လာတောင်းခြင်းပါ၊ အဲဒီအခါမှာ မြတ်စွာဘုရားရှင်က မဟာခေ ဇနီးမောင်နှံကို တွေ့ရမြင်ရလို့ ပြုံးတော်မူပါတယ်။ အရှင်အာနန္ဒာက မြတ်စွာဘုရားအား ပြုံးတော်မူရခြင်းရဲ့ အကြောင်းရင်းကို မေးတာပါ။

## "မြတ်ဗုဒ္ဓ မိန့်တော်မူ"

ထိုအခါ မြတ်စွာဘုရားက "အာနန္ဒာ ဟိုမှာ မဟာခေတို့ ဇနီးမောင်နှံကို ကြည့်လိုက်ပါ၊ အခု ဦးပဥ္စင်းတွေ ကိုရင်တွေရဲ့ ဆွမ်းကျန်၊ ဟင်းကျန်ကို တောင်းစားနေကြတဲ့ ဇနီးမောင်နှံကို ကြည့်လိုက်ပါ။ အဲဒီဇနီးမောင်နှံနှစ်ဦးဟာ ဒီဗာရာဏသီပြည်မှာ ကုဋေ့တစ်ရာ ခြောက်ဆယ် ကြွယ်ဝချမ်းသာကြတဲ့ သူဌေးတွေပါ။

အခုတော့ မဟာခနေသူဌေးနှင့် သူဌေးကတော်တို့ဟာ သူများရဲ့ အိမ်နောက်ဖေးမှာ မျက်နှာငြိုးငယ်စွာနဲ့ ကပ်နေရတဲ့ဘဝပါ၊ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်နေခဲ့ရတဲ့ဘဝပါ" ဟု မိန့်တော်မူပါတယ်။

## "ပထမအရွယ်"

မဟာခနေဟာ ပထမအရွယ်မှာ သူ့မှာရှိတဲ့ စည်းစိမ်ဥစ္စာများကို မတည်ကာ အရင်းအနှီးပြုကာ စီးပွားရေးတွေကို လုပ်ခဲ့မယ်၊ ကြိုးစားအားထုတ် အလုပ်လုပ်ခဲ့မယ်ဆိုရင် ဒီဗာရာဏသီပြည်မှာ ပထမတန်း သူဌေးဖြစ်မှာပါ၊ မြို့မျက်နှာဖုံးဖြစ်မှာပါ၊ အကယ်၍ သတိ သံဝေဂရပြီး လူ့ဘဝကို စွန့်ခွာကာ သာသနာဘောင်ကို

ဝင်ရောက်ခဲ့မယ် ရဟန်းပြုခဲ့မယ်ဆိုရင် မဟာ ခနသူဌေးဟာ ရဟန္တာပုဂ္ဂိုလ်ဖြစ်မှာပါ။ သူရဲ့ သူဌေးကတော်က ဘိက္ခုနီ ပြုလုပ်ခဲ့ရင် ရဟန်း မဘဝသို့ ဝင်ရောက်ခဲ့ပါရင် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်မှာပါ၊ အနာဂါမ်ထေရီမကြီးဖြစ်မှာပါ။

## "ဒုတိယအရွယ်"

မဟာခနဟာ ဒုတိယအရွယ်မှာ မိမိကိုယ်ကို အကောင်းဆုံးနေထိုင်ပြုပြင်ပြီးတော့ သူ့မှာ ရှိနေသေးတဲ့ စည်းစိမ်ဥစ္စာများကို မတည်ရင်းနှီးကာ စီးပွားရေးကို ဖောင်းပေးကာ လုပ်ခဲ့မယ်၊ ကြိုးစားအားထုတ် အလုပ်လုပ်ခဲ့မယ်ဆိုရင် ဒီ ဗာရာဏသီပြည်မှာ ဒုတိယတန်းစား သူဌေးဖြစ်မှာပါ။ အကယ်၍ သတိ သံဝေဂရပြီးတော့

လူ့ဘဝကို စွန့်ခွာကာ သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့မယ် ရဟန်းပြုခဲ့မယ်ဆိုရင် မဟာ ဓနသူဌေးဟာ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မှာပါ။ သူရဲ့ သူဌေးကတော်က သကာဒါဂါမ် ပုဂ္ဂိုလ်ဖြစ်မှာ ပါ။

## "တတိယအရွယ်"

မဟာဓနသူဌေးဟာ တတိယအရွယ်မှာ မိမိကိုယ်ကို အကောင်းဆုံး ပြုပြင်နေထိုင်ပြီး တော့ ကျန်ရှိနေသေးတဲ့ စည်းစိမ်ဥစ္စာများကို မတည်ရင်းနှီးကာ စီးပွားရေးကို ဦးစားပေးလုပ် ခဲ့မယ်၊ ကြိုးစားအားထုတ် အလုပ်လုပ်ခဲ့မယ် ဆိုရင် ဗာရာဏသီပြည်မှာ တတိယတန်းစား သူဌေးဖြစ်မှာပါ။ အကယ်၍များ သတိသံဝေဂ

တရား ရပြီးတော့ လူ့ဘဝကို စွန့်ခွာကာ သာသနာ့ဘောင်ကို ဝင်ရောက်ခဲ့မယ် ရဟန်းပြု ခဲ့မယ်ဆိုရင် သကဒါဂါမိ် ပုဂ္ဂိုလ်ဖြစ်မှာပါ။ သူ့ရဲ့သူဌေးကတော်က သောတာပန်ဖြစ်မှာပါ။

## "အရှုံးကြီး ရှုံးခဲ့ပြီ"

အခုတော့ မဟာဓနေဟာ ရှိရှိသမျှသော ကုဋေ (၁၆၀)သော စည်းစိမ်ဥစ္စာများကို မူးယစ်သောက်စား ကခုန်၊ သီဆို၊ တီးမှုတ်ကာ သုံးဖြုန်းပစ်ခဲ့တဲ့ အတွက်ကြောင့်၊ စီးပွားရေး၊ ကြီးပွားရေးမှာ အသိဉာဏ် ပညာ မရှိခဲ့တဲ့အတွက်ကြောင့်၊ ကြိုးစားအားထုတ် အလုပ်မလုပ်ခဲ့တဲ့အတွက်ကြောင့် ယခုမျက်မှောက်ဘဝ လူ့လောကမှာလည်း အဆုံးရှုံးကြီး ဆုံးရှုံးခဲ့ရပါပြီ၊ ခိုကိုးရာမဲ့

အားကိုးရာမဲ့ဘဝ ရောက်ခဲ့ရပါပြီ၊ တောင်းစားရတဲ့ဘဝကို ရောက်ခဲ့ရပါပြီ။

မိမိကိုယ်ကို ကောင်းမွန်စွာ မပြုပြင် မနေထိုင် မကျင့်သုံးခဲ့တဲ့ အတွက်ကြောင့် ရဟန္တာဖြစ်နိုင်သော ပုဂ္ဂိုလ်ဖြစ်ပေမည့် သာသနာတော်အရေးမှာ အဆုံးကြီးဆုံးခဲ့ပြီ။ အရှုံးကြီး ရှုံးခဲ့ပြီ။

ရေကလည်းခန်း၊ ငါးလည်းမရှိတော့တဲ့၊ ရေအိုင်နားမှာ အတောင်ပံကျိုးနေ အတောင်ပံနာနေတဲ့ ကြိုးကြာအိုကြီးဟာ တွေဝေငေးမှိုင်ကာ နေရသလိုပါ။ မဟာဓနတို့ ဇနီးမောင်ဟာ နှောင်တ ပူပန်စွာ ဆင်းရဲပင်ပန်းစွာ တွေဝေငေးမှိုင်ကာ နေရပါတော့တယ်။

ဥဘယတ္ထ ကလိဂ္ဂါဟော၊
အန္ဓဿ
ဟတစက္ခုနော။

**ဘိက္ခဝေ**-ရဟန်းတော်များ အိုချစ်သားတို့၊ **ဟတစက္ခုနော**-ပျက်စီးသော အသိဉာဏ် ပညာမျက်စိရှိသော (ဝါ) အသိဉာဏ် ပညာ မျက်စိ လုံးဝမရှိသော၊ **အန္ဓဿ** - နှစ်ဖက်လုံး စုံလုံးကန်းနေသော ပုဂ္ဂိုလ်၏၊ **ဥဘယတ္ထ**- မျက်မှောက်သံသရာ နှစ်ဖြာသော ဘဝ၌ ။ **ကလိဂ္ဂါဟော**၊ အဆုံးကြီးဆုံး အရှုံးကြီး ရှုံးရခြင်းသည်၊ **ဟောတိ** - စင်စစ်မသွေ ဖြစ်ပါပေ၏။ **ဣတိ**-ဤသို့ ၊ **ဘဂဝါ** - မြတ်စွာဘုရားသည်၊ **အဝေါစ** - ကရုဏာရှေ့ထား ဉာဏ်တော်အားဖြင့် ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

ဘိက္ခဝေ - ရဟန်းတော်များ အိုချစ်သား တို့၊ အယံ - ဤမဟာနေလို စီးပွားရေး ၊ ကြီးပွားရေးမှာလည်း အမြင်မကျယ်၊ ကုသိုလ် ရေးမှာလည်း အမြင်မကျယ်တဲ့ပုဂ္ဂိုလ်မျိုးကို၊ အန္ဓော-နှစ်ဖက်လုံး စုံလုံးကန်းနေသော ပုဂ္ဂိုလ် ဟူ၍၊ ဝုစ္စတိ - ကောင်းစွာမသွေ ဆိုအပ်ပါ တော့သတည်း။

သာဓု သာဓု သာဓု

"တစ်ဖက်မြင် ပုဂ္ဂိုလ်"

နံပါတ်နှစ် တစ်ဖက်မြင် ပုဂ္ဂိုလ်ဆိုတာ ဒီလောကမှာ အချို့သော အမျိုးသား၊ အမျိုး သမီးဟာ မိမိမှာ မရရှိသေးတဲ့ စည်းစိမ်ဥစ္စာ အဖြာဖြာကို ရရှိလာအောင်၊ မိမိမှာ အဆင်မပြေ

သေးတဲ့ လုပ်ငန်းကိစ္စ အဝဝတွေကို အဆင်ပြေလာအောင်၊ မိမိမှာ မရသေးတဲ့ အောင်မြင်မှုတွေ ရာထူးဌာနန္တရတွေကို ရရှိလာအောင်၊ မိမိမှာ အဆင်မပြေတဲ့ ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားနေရတဲ့ စားဝတ်နေရေးတွေ အဆင်ပြေအောင်၊ ချောချောမွေ့မွေ့ ပြေပြေလည်လည်ဖြစ်အောင် စွမ်းဆောင်နိုင်တဲ့ ဖန်တီးနိုင်တဲ့ အသိဉာဏ် ပညာတော့ရှိပါတယ်၊ လုပ်တတ်ကိုင်တတ်ပါတယ်၊ လာဘ်မြင်ပါတယ်။ စီးပွားရေးမှာ အမြင်ကျယ်ပါတယ်၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ လုပ်တတ်ကိုင်တတ်ပါတယ်၊ သူတပါးအပေါ်မှာ ဝိသမလောဘနဲ့ လုပ်တတ် ကိုင်တတ်ပါတယ်၊ သူတပါးရဲ့ မျက်ခုံးပေါ်မှာ စင်္ကြံ လျှောက်နိုင်ပါတယ်။

## "ကုသိုလ်ရေးမှာတော့"

ကုသိုလ်ရေးမှာကျတော့ အမြင်မကျယ်ပါ၊ နားမလည်ပါ။ အပြစ်ရှိတဲ့တရား၊ အပြစ်မရှိတဲ့တရား၊ ယုတ်နိမ့် အောက်တန်းကျတဲ့တရား၊ မြင့်မြတ်တဲ့ အထက်တန်းကျတဲ့တရား၊ ဖြူစင်စေတတ်တဲ့တရား၊ ညစ်နွမ်းစေတတ်တဲ့တရားကို နားမလည်ပါ။ မသိပါ "စီးပွားရေး၊ ကြီးပွားရေး၊ ပြည့်စုံရေး ၊ ချမ်းသာရေးသည်သာ အဓိက၊ အောင်မြင်ဘို့သာ အဓိက၊ ကုသိုလ်ရေးက အဓိက မဟုတ်" လို့ခံယူထားပါတယ်၊ ဒါကြောင့် ကုသိုလ်ရေးကိုတော့ မပြုလုပ်ပါ၊ ဒါန သီလ ဘာဝနာ အလုပ်ကို ကြိုးစားပွားများ အားထုတ်မှု လုံးဝမရှိပါ။ မကောင်းမှုတွေ အကုသိုလ်တွေ ဒုစရိုက်တွေနဲ့သာ အချိန်ကုန်နေပါတော့တယ်။

အဲ့သလို စီးပွားရေး၊ ကြီးပွားရေးမှာသာ အမြင်ကျယ်ပြီး၊ မျက်မှောက်တစ်ဘဝမှာ ကြီးပွားအောင်၊ ပြည့်စုံအောင်၊ တိုးတက်အောင် ချမ်းသာအောင်၊ အောင်မြင်အောင်သာ ဆောင်ရွက်ပြီး၊ ကုသိုလ်ရေးကို လုံးဝမပြုလုပ်တဲ့ မကောင်းမှုတွေ၊ အကုသိုလ်တွေ ၊ ဒုစရိုက်တွေနဲ့သာ အချိန်ကုန်နေသော ပုဂ္ဂိုလ်ကို တစ်ဖက်သာ အမြင်ရှိတဲ့ပုဂ္ဂိုလ်၊ တစ်ဖက်မြင် ပုဂ္ဂိုလ်လို့ ဆိုရပါတော့တယ်။

ဒါကြောင့် မြတ်စွာဘုရားရှင် က-
ဏှာတော သော နိရယံ ဂစ္ဆာ၊
ကေစက္ခု ဝိဟညတိ။

လို့ဟောတော်မူထားပါတယ်၊ မြန်မာလို အဓိပ္ပါယ်က “ဘယ်သူသေသေ ငတေမာပြီး

ရော" ဆိုတဲ့ သဘောနဲ့ ဝိသမလောဘနဲ့ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ စီးပွားရေး၊ ကြီးပွားရေးကိုသာ ဆောင်ရွက်ပြီးတော့ ကုသိုလ်ရေးကို လုံးဝမပြုလုပ်တဲ့ တစ်ဖက်မြင် ပုဂ္ဂိုလ်ဟာ လူ့ဘဝမှ ကွယ်လွန်ပြီးတဲ့အခါ ငရဲကျရောက်မှာပါ။ ငရဲမှာ ပင်ပန်းကြမ်းတမ်းစွာ ဆင်းရဲဒုက္ခ ခံစားရမှာပါ။

**အယံ ဝုစ္စတိ ဘိက္ခဝေ ဧကစက္ခု။**

**ဘိက္ခဝေ** - ရဟန်းတော်များ အိုချစ်သားတို့ ၊ **အယံ** - ဤစီးပွားရေး၊ ကြီးပွားရေးမှာသာ အမြင်ကျယ်၍ ကုသိုလ်ရေးကို လုံးဝမပြုလုပ်သော ပုဂ္ဂိုလ်မျိုးကို၊ **ဧကစက္ခု** - တစ်ဖက်မြင် ပုဂ္ဂိုလ်ဟူ၍ ။ **ဝုစ္စတိ** - ကောင်းစွာမသွေ ဆိုအပ်ပါတော့သတည်း။

**သာဓု သာဓု သာဓု**

ကဲ မှတ်မိအောင် လင်္ကာလေးကို လိုက်ဆို ကြပါ၊

**စီးပွားရေးတော့ သူကမြင်၊**
**ကုသိုလ်ရေးတော့ သူမမြင်၊**
**အဲ့ဒီပုဂ္ဂိုလ် တစ်ဖက်မြင်။**

လူ့လောကမှာ သူတော်ကောင်းတို့ရဲ့ ဝန်းကျင်မှာ စီးပွားရေးမှာသာ အမြင်ကျယ်ပြီး ကုသိုလ်ရေးကိုတော့ လုံးဝမပြုလုပ်တဲ့ပုဂ္ဂိုလ် တစ်ဖက်သာ အမြင်ရှိတဲ့ ပုဂ္ဂိုလ်ကို မရှိဘူးလား၊ ရှိပါတယ်ဘုရား။

## "တောဒေယျဝတ္ထု"

မြတ်စွာဘုရားလက်ထက်က သာဝတ္ထိမြို့ ရဲ့အနီးမှာ တုဒိလို့ခေါ်တဲ့ ရွာတစ်ရွာရှိပါတယ်၊

တုဒိရွာမှာ တောဒေယျလို့ အမည်ရတဲ့ ပုဏ္ဏား တစ်ဦးရှိပါတယ်၊ အဲ့ဒီပုဏ္ဏားဟာ ဘုရင်မင်းမြတ် ထံ မှ တုဒိရွာကို အပိုင်စားရတဲ့အတွက်ကြောင့် လူအများက ပုဏ္ဏားကို တောဒေယျလို့ ခေါ်ကြ ပါတယ်။

## "ခပ်ပါများ ကုန်သွား"

တောဒေယျပုဏ္ဏားမှာ သုဘလို့အမည်ရ တဲ့ သားတစ်ယောက်ရှိပါတယ်၊ တောဒေယျ ပုဏ္ဏားက သူ့ရဲ့တစ်ဦးတည်းသော သားဖြစ်တဲ့ သုဘကို အခုလို အမြဲတန်းဆုံးမပါတယ်။ "ချစ်သား လောကမှာ ပေးရင် မကုန်ဘူးဆိုတာ မရှိပါ၊ ပေးရင် ကုန်တာပဲ၊ ဒါကြောင့် ငါ့သား ဘယ်သူ့ကိုမှ မပေးနဲ့၊ မလှူနဲ့" လို့ ဆုံးမပါတယ်။

သူကိုယ်တိုင်လည်း မည်သူ့ကိုမျှ ဘာဆိုဘာမှ မပေးဘူးပါ၊ မကမ်းပါဘူး၊ မလှူဘူးပါ၊ မတန်းပါဘူး။

တောဒေယျပုဏ္ဏား က သူ့သားသုဘလုလင်ကို အခုလိုပြောပြ ဆုံးမသြဝါဒပေးပါတယ်။ "ချစ်သား မျက်စဉ်းကိုကြည့်ပါ၊ မျက်စဉ်းခပ်တဲ့အခါ တစ်စက်ချင်း တစ်စက်ချင်း ခပ်ရတာပါ၊ ဒါပေမယ့် မျက်စဉ်းဟာ တစ်စက်ချင်း ခပ်ရတာဖြစ်ပေမယ့် မျက်စဉ်းခပ်ပါများလာတဲ့အခါ ကုန်သွားပါတယ်။"

## "ခြကို ပုံပြု"

ချစ်သား တောင်ပို့ကြီးတွေကို ကြည့်လိုက်ပါ။ ခြကောင်လေးတွေဟာ သူတို့ရဲ့ ပါးစပ်လေး

နဲ့ မြေမှုန့်လေးတွေကို သယ်သယ်လာပြီးတော့ စုပုံလိုက်တဲ့အခါ တောင်ပို့ကြီးတွေ ဖြစ်လာတာပါ။

"ချွေတာစုဆောင်း သူဌေးလောင်း" ဆိုတဲ့အပိုင်း ခြလေးတွေလို မိမိမှာ စည်းစိမ်ဥစ္စာတွေကိုစုပါ၊ ဆောင်းပါ၊ စုပါ ဆောင်းပါများလာရင် စည်းစိမ်ဥစ္စာတွေ များလာမှာပါ၊ တိုးပွားလာမှာပါ၊ ချမ်းသာလာမှာပါ။

## "ပျားလိုစု"

ချစ်သား ပျားကောင်လေးတွေကိုကြည့်ပါ၊ ပျားကောင်လေးတွေဟာ သူတို့ရဲ့ ပါးစပ်လေးနဲ့ ပန်းဝတ်ရည်ကို စုတ်ယူပြီးတော့ ပျားအုံကြီးတွေဖြစ်အောင် ပြုလုပ်ကြတာပါ၊ တောကြီး

မျက်မည်းထဲမှာ လှည်းဘီးလောက်ရှိတဲ့ ပျားအုံကြီးတွေတောင်ရှိတာပါ၊

ပျားကောင်လေးတွေဟာ ပါးစပ်လေးနဲ့ ပန်းဝတ်ရည်ကို စုပ်ယူပြီးတော့ ပျားအုံကြီးတွေကို ပြုလုပ်ကြသလိုပါ၊ စည်းစိမ်ဥစ္စာတွေကို စုပါ၊ ဆောင်းပါ၊ စုပါဆောင်းပါများလာရင် မိမိမှာ စည်းစိမ်ဥစ္စာတွေ များလာမှာပါ၊ တိုးပွားလာမှာပါ၊ ချမ်းသာလာမှာပါ။

## "ကောင်းတော့ကောင်းတယ် ဒါပေမဲ့"

နောက် (၂)နည်းကတော့ ကောင်းပါတယ်၊ ဒါပေမယ့် "စုပြီးဆောင်းပြီး ရရှိပြီး စည်းစိမ်ဥစ္စာများကို မလှူနဲ့၊ မပေးနဲ့"လို့ ပြောတားထာပါ။ လုံးဝမပေးဘို့ရာ မလှူဘို့ရာ တားမြစ်

ထားတာပါ၊ တောဒေယျ ပုဏ္ဏားဟာ သူ့သား သုဘလုလင်ကို မလှူဘို့ မပေးဘို့ မကမ်းဘို့ ဩဝါဒပေးသလို သူကိုယ်တိုင်လည်း မလှူပါ၊ မပေးပါ၊ မကမ်းပါ၊ သီလကုသိုလ်လည်း မစောင့်ထိန်းပါ၊ ဘာဝနာ ကုသိုလ်ကိုလည်း အားထုတ်မှု မရှိပါ၊ မပွားများပါ၊

ဒါကြောင့် တောဒေယျပုဏ္ဏား သေပြီးတဲ့ နောက်မှာ သူ့အိမ်မှာပင် ခွေးဖြစ်ရတာပါ၊ သုဘလုလင်က အဲ့ဒီခွေးကို အရမ်းချစ်တာပါ၊ ချစ်လွန်းလို့ သူစားတဲ့ ကောင်းပေ့၊ ညွန့်ပေ့ဆိုတဲ့ အစားအစာများကို ကျွေးပါတယ်၊ ကောင်းမွန်သားနားတဲ့ အိမ်ယာထဲမှာပင် သိပ်ပါတယ်၊ တစ်နေ့တော့ သုဘလုလင်ဟာ အလုပ်ကိစ္စတစ်ခုရှိတဲ့အတွက်ကြောင့် အပြင်သို့ သွားပါတယ်။

"ခွေးဖြစ်ရခြင်း အကြောင်းရင်း"

အဲ့ဒီအချိန်မှာ မြတ်စွာဘုရားရှင်ဟာ သုဘလုလင်အိမ်သို့ ဆွမ်းခံရင်း ကြွတော်မူလာတာပါ၊ သူ့အိမ်က ဆွမ်းတော့ မလောင်းပါဘူး၊ သုဘလုလင် အကျွတ်တရားရမည့်အရေးတွေးမိလို့ မြင်တော်မူလို့ ကြွလာခြင်းပါ၊ မြတ်စွာဘုရား ကြွတော်မူလာတဲ့အခါ တောဒေယျဘာဝကလာတဲ့ ခွေးက ဟောင်ပါတယ်၊ မြတ်စွာဘုရားက "တောဒေယျ ၊ အရင်ဘဝကလည်း မင်းဟာ ငါဘုရားကို "ဘော ဘော"လို့ ပြောခဲ့လို့ ခွေးဖြစ်ရတာပါ၊ အခုလည်း မင်း ငါဘုရားကို ဟောင်လို့ အဝီစိသွားရလိမ့်မယ်" လို့ မိန့်တော်မူပါတယ်။

ပုဏ္ဏားတွေက မြတ်စွာဘုရားကို "ဘော

ဂေါတမ၊ ဘော ဂေါတမ”လို့ ခေါ်ခေါ်ပြောဆို ကြတာပါ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ ကတော့ မြတ်စွာဘုရားကို “ဘဂဝါ - ဘုန်းတော် ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား”လို့ ခေါ်ဝေါ် လျှောက်ထားကြ တာပါ။

## “တောဒေယျခွေး ခံစားသွားရ”

မြတ်စွာဘုရားက **“ခွေးဘဝကနေ အဝီစိကျမှာ”**လို့ မိန့်တော်မူတဲ့အခါ တောဒေယျ ခွေးဟာ နှလုံးမသာမယာဖြစ်ကာ ပြာပုံမှာ သွား ဝပ်နေ၊ အိပ်နေတော့တာပါ၊ ခွေးကို မ, ချီကာ အိပ်ယာပေါ်မှာ သိပ်ပေမည့် မအိပ်တော့ပါ၊ ပြာပုံပေါ်မှာပင် သွားကာ အိပ်နေပါတယ်။

သုဘလုလင်က ပြန်လာတဲ့အခါ ပြာပုံပေါ်မှာ ခွေးအိပ်နေတာကိုတွေ့ရလို့ အကျိုးအကြောင်းကို မေးပါတယ်၊ အိမ်သားတွေ တပည့်တွေက အကျိုးအကြောင်းကို ပြောပြတဲ့အခါ "ငါ့ရဲ့ အဖေဟာ ဗြဟ္မာပြည်မှာ ဖြစ်နေတာပါ၊ ဗြဟ္မာပြည်သို့ ရောက်နေရတာပါ၊ ရဟန်းဂေါတမကတော့ ပါးစပ်ထဲ တွေ့ရာပြောတာပဲ" လို့ သုဘလုလင်က ပြောပြပါတယ်။

## "ပြောပြမသွား ပစ္စည်းများ"

သုဘလုလင်ဟာ "ဂေါတမန္ထွယ်ဖွား မြတ်စွာဘုရားကို မုသာဝါဒနဲ့ စွပ်စွဲမယ်" ဆိုတဲ့ အကြံနဲ့ မြတ်စွာဘုရား ကျောင်းတော်သို့ သွားတာပါ။ ကျောင်းရောက်တဲ့အခါ သုဘလုလင်က

မြတ်စွာဘုရားကို မုသာဝါဒနဲ့ စွပ်စွဲပါတယ်၊ မြတ်စွာဘုရားက သုဘ, အဲဒီ ခွေးဟာ မင်း အဖေပါ၊ မင်းမယုံရင် မင်းအဖေမသေခင်က ပြောပြမသွားတဲ့ ပစ္စည်းများရှိပါသလား၊

တပည့်တော်အဖေ မသေခင်က

တစ်သိန်းတန်သော ရွှေခြေခြင်း၊

တစ်သိန်းတန် ရွှေပန်းခိုင်၊

တစ်သိန်းတန် ရွှေခွက်၊

အသပြာတစ်သိန်းတို့ကို ပြောမသွားခဲ့ ပါဘုရား။

## "ငါ့အဖေမှ ငါ့အဖေ"

ထိုအခါ မြတ်စွာဘုရားက သုဘလုလင် ကို "သုဘ ခွေးကိုရေမပါတဲ့ နို့နဲ့သာ ချက်ထား

တဲ့ နို့ထမင်းကို ကျွေးပါ၊ ပြီးတော့ကောင်းတဲ့ မွေ့ယာ အိပ်ယာပေါ်မှာ သိပ်ထားပါ၊ ခွေး မှေးမှေးလေး အိပ်ပျော်နေတဲ့အချိန်မှာ မေး ကြည့်ပါ၊ သင့်ကို အားလုံး ပြောပြပါလိမ့်မယ်” လို့ မိန့်တော်မူပါတယ်။

သုဘလုလင်ဟာ အိမ်ပြန်သွားပြီး၊ မြတ် စွာဘုရား မိန့်တော်မူတဲ့အတိုင်း ပြုလုပ်တဲ့အခါ ခွေးက အရင်ဘဝက မသေခင် ပြောပြမသွားခဲ့ တဲ့ ပစ္စည်းလေးမျိုးတို့ကို ပြောပြတာပါ၊ ခွေးပြော ပြတဲ့အတိုင်း ရှာကြတဲ့အခါ ပစ္စည်းလေးမျိုးတို့ကို တွေ့ရတော့ သုဘလုလင်ဟာ “ဟုတ်ပြီ၊ ဒါ ငါ့ အဖေမှ ငါ့အဖေ”လို့ ယုံကြည် လက်ခံသွားပါ တယ်။

## "နိဗ္ဗာန်အထိ ကြည့်ကြရမှာ"

သုဘလုလင်ဟာ မြတ်စွာဘုရားကို ကြည်ညိုပြီး နောင်သောအချိန်မှာ အမေးပုစ္ဆာ (၁၄) ချက်ကို မေးလျှောက်ပါတယ်၊ ဒီအမေးပုစ္ဆာ (၁၄)ချက်ကတော့ ထားပါတော့၊ ဒီနေရာမှာ ပြောလိုရင်းက တောဒေယျပုဏ္ဏားဟာ တစ်ဖက်မြင်ပုဂ္ဂိုလ်ပါ၊ စီးပွားရေး၊ ကြီးပွားရေးမှာသာ အမြင်ကျယ်ပြီး၊ ကုသိုလ်ရေးမှာ ဘာမှမလုပ်ခဲ့လို့ပါ။

ဒီနေ့ ကြွရောက်လာကြတဲ့ ပရိတ်သတ်တွေ တောဒေယျပုဏ္ဏားလို တစ်ဖက်မြင်ပုဂ္ဂိုလ် မဖြစ်ကြပါစေနဲ့၊ လူ့ဘဝဟာ အနှစ်တစ်ရာအတွင်း မှာသာနေကြရတာပါ၊ အသက်တစ်ရာကျော်တဲ့သူက နည်းပါတယ်၊ တောဒေယျပုဏ္ဏား

လို တစ်ဘဝစာ တစ်နပ်စာအတွက်သာ မကြည့်ဘဲ သံသရာအထိ ကြည့်ကြရမှာပါ၊ နိဗ္ဗာန်တိုင်ထိ ကြည့်ကြရမှာပါ။

**အယံ ဝုစ္စတိ ဘိက္ခဝေ ဧကစက္ခု။**

**ဘိက္ခဝေ** - ရဟန်းတော်များ အိုချစ်သားတို့၊ **အယံ** - ဤစီးပွားရေး ကြီးပွားရေးမှာသာ အမြင်ကျယ်၍ ကုသိုလ်ကောင်းမှု အစုစုကို ဘာမှမပြုလုပ်သော တောဒေယျပုဏ္ဏားလို ပုဂ္ဂိုလ်မျိုးကို၊ **ဧကစက္ခု** - တစ်ဖက်မြင်ပုဂ္ဂိုလ်ဟူ၍၊ **ဝုစ္စတိ** - ကောင်းစွာမသေ့ဆိုအပ်ပါပေတော့သတည်း။

သာဓု သာဓု သာဓု

တောဒေယျပုဏ္ဏားလို စီးပွားရေး ကြီးပွားရေးမှာ အမြင်မကျယ်ပေမယ့် စီးပွားရေး လုပ်တတ်ကိုင်တတ်ပေမယ့် ပရမမစ္ဆရီ အရမ်းဝန်တိုသော ကပ်စေးနဲသော အလွန်နှမြောသော မလှူဒါန်းမပေးကမ်းသော၊ ပရဟိတ မလုပ်သော အများကောင်းကျိုးကို မဆောင်ရွက်သော ဒါန သီလ ဘာဝနာကုသိုလ် ကောင်းမှုအမျိုးမျိုးကို မပြုလုပ်သော၊ ပုဂ္ဂိုလ်မျိုးကို တစ်ဖက်မြင် ပုဂ္ဂိုလ်လို့သာ ခေါ်ရပါတော့တယ်။

"နှစ်ဖက်မြင် ပုဂ္ဂိုလ်"

ဒီလောကမှာ အချို့သော အမျိုးသား၊ အမျိုးသမီးဟာ အသိ ဉာဏ် ပညာ မျက်စိဖြင့် မိမိမှာ မရရှိသေးသော စည်းစိမ်ဥစ္စာများကို ရရှိအောင် ရရှိပြီးသား စည်းစိမ်ဥစ္စာများ တိုးပွား

များပြားလာအောင် စွမ်းဆောင်နိုင်ပါတယ်၊ မိမိမှာ အဆင်မပြေသော လုပ်ငန်းကိစ္စများ စားဝတ်နေရေးများ အဆင်ပြေလာအောင်၊ အဆင်ပြေနေသော လုပ်ငန်းကိစ္စများ စားဝတ် နေရေးများ အဆင်ပြေသထက် အဆင်ပြေအောင် စွမ်းဆောင်နိုင်ပါတယ်၊ မိမိမှာ မရသေးသော အောင်မြင်မှုများ၊ ရာထူးဌာနန္တရများ တည်တန့်အောင် ခိုင်မြဲအောင်၊ အောင်မြင်သထက် အောင်မြင်အောင် တိုးတက်သထက် တိုးတက်အောင် စွမ်းဆောင်နိုင်ပါတယ်၊ လုပ်တတ်ကိုင်တတ်ပါတယ်၊ အမြော်အမြင် ရှိပါတယ်၊ အသိဉာဏ် ပညာရှိပါတယ်။

မိမိမှာ မပြည့်စုံသေးသော အရာများ ပြည့်စုံအောင်၊ ပြည့်စုံသည်များကို ပြည့်စုံ

သထက် ပြည့်စုံအောင်၊ ချမ်းသာသထက် ချမ်းသာအောင်၊ ချောရောင်းကောင်းသထက်ကောင်းအောင်၊ အရောင်းအဝယ်၊ အလုပ်အကိုင်များ အဆင်ပြေသထက်ပြေအောင် ကောင်းသထက်ကောင်းအောင် စွမ်းဆောင်နိုင်ပါတယ်၊ စီးပွားရေး၊ ကြီးပွားရေးမှာ အမြင်ကျယ်ပါတယ်၊ အသိ ဉာဏ် ပညာ မျက်စိ အမြဲရှိပါတယ်။

## "ကုသိုလ်ရေးကိုလည်း ကြိုးစား"

အမျိုးသား အမျိုးသမီးဟာ စီးပွားရေး၊ ကြီးပွားရေး အောင်မြင်ရေးမှာသာ အမြင်ကျယ်တာ၊ အသိ ဉာဏ် ပညာ မျက်စိ အမြဲရှိတာ မဟုတ်သေးပါ၊ ကုသိုလ်တရား၊ အကုသိုလ်

တရား တို့ကိုလည်း သိနေပါတယ်၊ နားလည်ပါ တယ်၊ အပြစ်ရှိတဲ့တရား အပြစ်မရှိ တဲ့တရား၊ ယုတ်နိမ့်အောက်ကျတဲ့တရား၊ မြင့်မြတ် အထက် တန်းကျတဲ့တရား၊ မည်းညစ်စေ တတ်သော တရား၊ ဖြူစင်စေတတ်သောတရားတို့ကိုလည်း သိပါတယ်၊ နားလည်ပါတယ်။ ကုသိုလ်တရား၊ အကုသိုလ်တရား စသည့်တရားတို့ကို နားလည် ပြီး၊ ကုသိုလ်ရေးတွေကိုလည်း အလေးဂရုပြုကာ ကြိုးစားအားထုတ်ပါတယ်၊ ပြုလုပ်ပါတယ်၊ ဆောင်ရွက်ပါတယ်။

"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"

ဆိုတဲ့အတိုင်း မကောင်းမှုတွေ၊ အကု သိုလ်တွေ ဒုစရိုက်တရားတွေကို သတိထား

ရှောင်ကြဉ်ပါတယ်၊ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကိုလည်း ဆည်းပူးအား ထုတ် ပြုလုပ်ပါတယ်၊ ကြိုးစားပွားများ အား ထုတ်ပါတယ်၊ အဲ့သလို စီးပွားရေး၊ ကြီးပွားရေး မှာလည်း အမြင်ကျယ်သူ၊ လုပ်တတ်ကိုင်တတ် သူ၊ အသိ ဉာဏ် ပညာ ဗဟုသုတရှိသူ၊ ကုသိုလ် ရေးကိုလည်း ပြုလုပ်ဆောင်ရွက်သူ၊ ကုသိုလ် ရေးမှာလည်း အသိ ဉာဏ် ပညာ မျက်စိရှိသူကို "နှစ်ဖက်မြင် ပုဂ္ဂိုလ်"လို့ ဆိုရပါတယ်။

အယံ ဝုစ္စတိ ဘိက္ခဝေ ဒွိစက္ခု

ဘိက္ခဝေ - ရဟန်းတို့၊ အယံ -ဤ စီးပွားရေးမှာလည်း အမြင်ကျယ်၊ စီးပွားရေး မှာလည်း အသိ ဉာဏ် ပညာ မျက်စိရှိသူ၊

ကုသိုလ်ရေးမှာလည်း အမြင်ကျယ်၊ ကုသိုလ်ရေး မှာလည်း အသိ ဉာဏ် ပညာ မျက်စိရှိသူကို ၊ **ဒိဋ္ဌိစက္ခု** - နှစ်ဖက်မြင် ပုဂ္ဂိုလ်ဟူ၍၊ **ဝုစ္စတိ** - ကောင်းစွာမသွေ ဆိုအပ်ပါပေတော့သတည်း။

**သာဓု သာဓု သာဓု**

## "အနာထပိဏ်"

မြတ်စွာဘုရားလက်ထက်တော်က ဥပါသကာ ဥပါသိကာမ တွေထဲမှာ နှစ်ဖက်မြင် ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်၊ ဥပါသကာ ဒါယကာတွေထဲမှာ အနာထပိဏ်သူဌေးဆိုပါ တော့၊ အနာထပိဏ် သူဌေးဟာ စီးပွားရေး၊ ကြီးပွားရေးဘက်မှာလည်း အမြင်ကျယ်ပါတယ်၊ လောကအလယ်မှာ ကြီးပွားအောင် တိုးတက်

အောင် ချမ်းသာအောင် ပြည့်စုံအောင် အောင်မြင်အောင် စီးပွားရေးဘက်မှာ စွမ်းဆောင်နိုင်သော ဖန်းတီးနိုင်သော အသိ ဉာဏ် ပညာမျက်စိ ရှိပါတယ်။

ကုသိုလ်ရေးဘက်မှာတော့ အထူးပြောစရာမလိုပါ၊ တရားနာပရိသတ်များ သိထားကြတဲ့ အတိုင်း အနာထပိဏ်သူဌေးဟာ (၅၄) ကုဋေ အကုန်ကျခံကာ ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ကာ မြတ်စွာဘုရားအား လှူဒါန်းပါတယ်၊ နေ့စဉ်၊ နေ့တိုင်း သံဃာတော် အပါး (၅၀၀) ၊ အပါး (၁၀၀၀)စသည်တို့အား နံနက်အချိန်မှာ ယာဂု၊ ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ် လှူဒါန်းတာပါ၊ ညနေပိုင်းအချိန်မှာ ဖျော်ရည် ဆေးပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းတာပါ။

## "ဝိသာခါ"

ဥပါသိကာမ ဒါယိကာမတွေထဲမှာ ဝိသာခါ ကျောင်းအမကြီးဆိုပါတော့၊ ဝိသာခါဟာ စီးပွားရေး၊ ကြီးပွားရေးဘက်မှာလည်း အမြင်ကျယ်ပါတယ်၊ အသိ ဉာဏ် ပညာ မျက်စိရှိပါတယ်၊ မိမိမှာ မရရှိသေးသော စီးပွားဥစ္စာများ ရရှိလာအောင်၊ ရရှိပြီးသား စီးပွား ဥစ္စာများတိုးပွားများပြားလာအောင်၊ စွမ်းဆောင်နိုင်သော အသိ ဉာဏ် ပညာမျက်စိရှိပါတယ်။

ဝိသာခါဟာ ကုသိုလ်တရား အကုသိုလ်တရား၊ အပြစ်ရှိတဲ့တရား၊ အပြစ်မရှိတဲ့တရား စသည့်တရားတွေကိုလည်း သိပါတယ်၊ နားလည်ပါတယ်၊ ကုသိုလ်တရား၊ အကုသိုလ်တရား အစရှိသော တရားတို့၌လည်း အသိ ဉာဏ်

ပညာ မျက်စိရှိပါတယ်။

ဝိသာခါ ဒါယိကာမကြီးဟာ (၂၇)ကုဋေ အကုန်အကျခံကာ ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးတော့ မြတ်စွာဘုရားအား လှူဒါန်းတာပါ၊ သံဃာတော် (၅၀၀)ပါး၊ (၁၀၀၀)ပါး၊ စသည်တို့အား နေ့စဉ်နေ့တိုင်း နံနက်ပိုင်းမှာ ယာဂု၊ဆွမ်းဘောဇဉ်၊ ညနေပိုင်းမှာ ဖျော်ရည် ဆေးပစ္စည်းတို့ကို လှူဒါန်းဆက်ကပ်ပါတယ်၊ မြတ်စွာဘုရားရှင်ဟာ ဝိသာခါကျောင်းအစ်မကြီးအား ဘောဇနဒါန ဆွမ်းလှူရခြင်း၏ အကျိုးတရားပြ သုတ္တန်တရားတော်ကို ဟောကြားတော်မူတာပါ။

## "နှစ်ဖက်မြင်"

ဒါကြောင့် အနာထပိဏ် ကျောင်း ဒါယကာနှင့် ဝိသာခါကျောင်းအမတို့ဟာ စီးပွားရေး၊ ကြီးပွားရေးမှာလည်း အမြင်ကျယ်သူများ အသိဉာဏ် မျက်စိ ရှိကြသူများ ဖြစ်ကြပါတယ်၊ ကုသိုလ်ရေးဘက်မှာလည်း အမြင်ကျယ်သူများ အသိဉာဏ် ပညာမျက်စိ ရှိကြသူများ ဖြစ်ကြပါတယ်။

ကဲ မှတ်မိအောင် လင်္ကာလေးဆိုကြပါ။

**စီးပွားရေးလည်း သူကမြင်**

**ကုသိုလ်ရေးလည်း သူကမြင်၊**

**အဲ့ဒီ ပုဂ္ဂိုလ် နှစ်ဖက်မြင်။**

(၃)ခေါက်ဆိုပါ။

တရားနာ ပရိသတ်အပေါင်း သူတော်

ကောင်းတို့ဟာ အခုပြောပြခဲ့တဲ့ ပုဂ္ဂိုလ်သုံးမျိုး ထဲမှာ ဘယ်ပုဂ္ဂိုလ်ဖြစ်ရမှာပါလဲ?

နှစ်ဖက်မြင် ပုဂ္ဂိုလ်ဖြစ်ရမှာပါဘုရား။

ယနေ့ကြွရောက်လာကြတဲ့ တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့

တရားနာမည်က ဘာတဲ့လဲ?

နှစ်ဖက်မြင် ဖြစ်စေချင်ပါဘုရား။

ပရိသတ်အပေါင်း သူတော်ကောင်းတို့ နှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ ပုဂ္ဂိုလ်ဖြစ်ရမှာ လား?

မဖြစ်ရပါဘုရား။

တစ်ဖက်မြင်ပုဂ္ဂိုလ် ဖြစ်ရမှာလား?

မဖြစ်ရပါဘုရား။

ပုဂ္ဂိုလ်သုံးမျိုးတို့နဲ့စပ်ပြီး ပေါင်းသင်းဆက်

ဆံရေးနဲ့စပ်ပြီး လိုက်နာကျင့်သုံးဖို့ရာ မြတ်စွာဘုရားက -

**အနဉ္ဇ္ဇ ကေစကမ္ဗုဇ္ဇ၊ အာရကာ ပရိဝဇ္ဇယေ**

**ဘိက္ခဝေ**-ရဟန်းတော်များ အို ချစ်သားတို့၊ **အနဉ္ဇ္ဇ၊** -နှစ်ဖက်လုံး စုံလုံးကန်းနေသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ **ကေစကမ္ဗုဇ္ဇ** -တစ်ဖက်မြင် ပုဂ္ဂိုလ်ကိုလည်းကောင်း၊ **အာရကာ**-ဝေးစွာ၊ **ပရိဝဇ္ဇယေ**-ရှောင်ကြဉ်ရာ၏၊ **ဣတိ** - ဤသို့၊ **ဘဂဝါ**-မြတ်စွာဘုရားသည်၊ **အဝေါစ**- ကောင်းစွာမသွေ ဟောကြားတော်မူပါပေသတည်း။

**သာဓု သာဓု သာဓု**

## "ဝေးဝေးရှောင်ပါ"

တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့ နှစ်ဖက်လုံး စုံလုံးကန်းနေသော ပုဂ္ဂိုလ်ကို ပေါင်းရပ့်မလား?

မပေါင်းရပါဘုရား။

မြတ်စွာဘုရားက အာရကာ-ဝေးဝေးရှောင်ပြီးတော့ပေးပါ၊ ဝေးဝေးရှောင်ပါတဲ့၊ အဲ့ဒီ နှစ်ဖက်လုံး စုံလုံးကမ်းနေသော ပုဂ္ဂိုလ်ကို မပေါင်းပါနဲ့၊ အန္ဓ- နှစ်ဖက်လုံးကန်းနေတဲ့ ပုဂ္ဂိုလ်ကိုပေါင်းရင် မိမိလည်း အဲ့ဒီလို ဖြစ်သွားမှာပါ၊ နှစ်ဖက်လုံး စုံလုံးကန်းတဲ့ ပုဂ္ဂိုလ်ဖြစ်သွားမှာပါ။

ကေစကျွ - တစ်ဖက်မြင်ပုဂ္ဂိုလ်ကို ပေါင်းရပ့်မလား?

မပေါင်းရပါဘုရား။

[၈၄] **အရှင်ဇနကာဘိဝံသ**

## "ခေတ္တ ခဏသာ နေရတာ"

တစ်ဖက်မြင်ပုဂ္ဂိုလ်ဟာ တောဒေယျပုဏ္ဏားလို စီးပွားရေး ကြီးပွားရေးမှာတော့ ကြံတက်ဖန်တတ်ပါတယ်၊ ဒါပေမယ့် ကုသိုလ်ရေးမှာတော့ မေ့နေပါတယ်၊ မကောင်းမှု ဒုစရိုက်တွေနဲ့သာ အချိန်ကုန်နေတတ်ပါတယ်၊ အသက်တစ်ရာတွင်းမှာ ခေတ္တ ခဏသာ နေရတာပါ၊ တစ်ဖက်မြင် ပုဂ္ဂိုလ်ဟာ ယခုဘဝမှာတော့ ကောင်းသလိုဖြစ်ပေမယ့် တောဒေယျပုဏ္ဏား ခွေးဘဝမှ သေတဲ့အခါ အဝီစိငရဲကျမှာလို့ မိန့်တော်မူသလိုပါ၊ တစ်ဖက်မြင် ပုဂ္ဂိုလ်ဟာ အပါယ်ငရဲကျပြီးတော့ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲ နေရမှာပါ။

တစ်ဖက်မြင်ပုဂ္ဂိုလ်ကို ပေါင်းရင် ကိုယ်

လည်း တစ်ဖက်မြင်ပုဂ္ဂိုလ်သာ ဖြစ်မှာပါ၊ ဒါကြောင့် တစ်ဖက်မြင် ပုဂ္ဂိုလ်ကိုလည်း ဝေးဝေး ရှောင်ပါ၊ မပေါင်းသင်းပါနဲ့၊ မဆက်ဆံပါနဲ့၊ အဖက်မလုပ်ပါနဲ့။

"နှစ်ဖက်မြင် ပုဂ္ဂိုလ်ကိုသာပေါင်းပါ"

ဒွိစက္ခုံ ပန သေဝေထ၊ သေဋ္ဌံ ပုရိသပုဂ္ဂလံ

သေဋ္ဌံ ပုရိသပုဂ္ဂလံ - အမြင့်မြတ်ဆုံး သော ပုဂ္ဂိုလ်ဖြစ်သော၊ ဒွိစက္ခုံပန - နှစ်ဖက်မြင် ပုဂ္ဂိုလ်ကိုကား၊ သေဝေထ- ပေါင်းသင်းမှီဝဲ ဆည်းကပ်ရာ၏။ ဣတိ - ဤသို့ ၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ အဝေါစ - ကောင်းစွာ မသွေ မိန့်ကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

တရားနာပရိသတ်သူတော်ကောင်းတို့၊ သူတော်ကောင်းတို့ဟာ မိမိကိုယ်တိုင်ကလည်း နှစ်ဖက်မြင်ပုဂ္ဂိုလ် ဖြစ်ရမှာပါ၊ ပေါင်းတဲ့သင်းတဲ့ အခါမှာလည်း နှစ်ဖက်မြင်ပုဂ္ဂိုလ်ကို ပေါင်းရမှာပါ၊ ဆက်ဆံရမှာပါ၊ သို့မှသာ မိမိဟာ စီးပွားရေး၊ ကြီးပွားရေးမှာလည်း အမြင်ကျယ်၊ ကုသိုလ်ရေးမှာလည်း အမြင်ကျယ်တဲ့ အသိ ဉာဏ် ပညာ မျက်စိရှိတဲ့ နှစ်ဖက်မြင်ပုဂ္ဂိုလ်ဖြစ်မှာပါ။

"ပုဂ္ဂိုလ်သုံးမျိုး နိဂုံးချုပ်"

တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော
သံဝိဇ္ဇမာန လောကသ္မိံ

ဘိက္ခဝေ - ရဟန်းတော်များ အိုချစ်သား တို့၊ ဘိက္ခဝေ - တရားနာ ပရိသတ်အပေါင်း

သူတော်ကောင်းတို့၊ လောကသို့ -သတ္တလောကအတွင်းမှာ၊ တယော - သုံးမျိုးကုန်သော၊ ဣမေ ပုဂ္ဂလာ - ဤနှစ်ဖက်လုံး စုံလုံးကန်းနေတဲ့ပုဂ္ဂိုလ်၊ တစ်ဖက်မြင်ပုဂ္ဂိုလ်၊ နှစ်ဖက်မြင် ပုဂ္ဂိုလ်တို့သည် သန္တော သံဝိဇ္ဇမာနာ - စင်စစ်မသွေ ထင်ရှားရှိကြပါကုန်၏။ ဣတိ - ဤသို့ ဘဂဝါ - မြတ်စွာဘုရားသည်၊ အဝေါစ - ကောင်းစွာမသွေ မိန့်ကြားတော် မူပါပေသတည်း။

သာဓု သာဓု သာဓု

ကဲ လက်ာလေးတွေကို အားလုံးပြန်ဆိုကြပါ။

၁။ စီးပွားရေးလည်း သူမမြင်၊
ကုသိုလ်ရေးလည်း သူမမြင်၊

အဲ့ဒီပုဂ္ဂိုလ် အကန်းပင်။

၂။ စီးပွားရေးတော့ သူကမြင်၊
ကုသိုလ်ရေးတော့ သူမမြင်၊
အဲ့ဒီပုဂ္ဂိုလ်၊ တစ်ဖက်မြင်။

၃။ စီးပွားရေးလည်း သူကမြင်၊
ကုသိုလ်ရေးလည်း သူကမြင်၊
အဲ့ဒီပုဂ္ဂိုလ် နှစ်ဖက်မြင်။

ကဲနှစ်ဖက်မြင်နဲ့စပ်ပြီးတော့ ဦးဇင်းတို့ မြတ်စွာဘုရား ဟောကြားတော်မူထားတဲ့ အတိုင်း လိုက်နာကျင့်သုံးရင် လောကီ၊ လောကုတ္တရာ နှစ်ဖက်လုံးမှာ မျက်မှောက်သံသရာ နှစ်ဖြာလုံးမှာ အမြတ်ထွက်မှာပါ၊ အကျဉ်းချုပ်လေး ပြောပြပါမယ်။

"မနက်ခင်းမှာ"

လူတွေအနေနဲ့ မနက်ခင်းမှာ မိမိ မိမိ တို့ရဲ့စီးပွားရေး၊ လုပ်ငန်းကိစ္စ အသီးသီး အပေါ်မှာ အကောင်းဆုံး တက်တက်ကြွကြွနဲ့ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ပါ၊ အဲ့သလို မိမိတို့ရဲ့ လုပ်ငန်းကိစ္စကို စိတ်ဝင်တစား အကောင်းဆုံး တက်တက်ကြွကြွနဲ့ စိတ်ပါ လက်ပါ ပြုလုပ်ဆောင်ရွက်ရင် မရသေးတဲ့ စည်းစိမ်ဥစ္စာရတနာများ အောင်မြင်မှုများ တိုးပွား များပြားလာမှာပါ၊ ချမ်းသာသထက် ချမ်းသာမှာ ပါ၊ ပြည့်စုံသထက် ပြည့်စုံမှာပါ။

ရှင်တွေ ရဟန်းတွေ ယောဂီ သူတော်စင် တွေအနေနဲ့ မနက်ခင်းမှာ မိမိ မိမိတို့ရဲ့ ပရိယတ်၊ ပဋိပတ် သမာဓိနိမိတ်နဲ့စပ်ပြီး ပြုလုပ်

ဖွယ်ကိစ္စတွေကို စိတ်ဝင်တစား အကောင်းဆုံး တက်တက်ကြွကြွနဲ့ စိတ်ပါလက်ပါ ဆည်းပူး အားထုတ် ပြုလုပ်ဆောင်ရွက်ပါ။ အဲ့သလို ပြုလုပ်ဆောင်ရွက်ရင် မိမိ မိမိမှာ မရသေးသော ကုသိုလ်တရားတို့ကို ရရှိမှာပါ၊ ရရှိပြီးသား ကုသိုလ်တရားများ ပိုတိုးမှာပါ။

## "နေ့လည်ခင်းမှာ"

ထို့အတူပါပဲ၊ လူတွေအနေနဲ့ နေ့လည်ခင်းမှာ မိမိ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းကိစ္စ အသီးသီးအပေါ်မှာ စိတ်ဝင်တစား အကောင်းဆုံး တက်တက်ကြွကြွနဲ့ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ပါရင် မိမိ မိမိမှာ မရသေးတဲ့ စည်းစိမ်ဥစ္စာ ရတနာများကို အောင်မြင်မှုများကို

ရရှိမှာပါ၊ ရရှိပြီးသား စည်းစိမ်ဥစ္စာ ရတနာများ အောင်မြင်မှုများ တိုးပွားများပြားလာမှာပါ၊ အောင်မြင်သထက် အောင်မြင်လာမှာပါ၊ ချမ်းသာသထက် ချမ်းသာလာမှာပါ၊ ပြည့်စုံသထက် ပြည့်စုံလာမှာပါ။

ရှင်တွေ ရဟန်းတွေ ယောဂီသူတော်စင်တွေအနေနဲ့ နေ့လည်ခင်းမှာ မိမိ မိမိတို့ရဲ့ ပရိယတ်၊ ပဋိပတ် သမာဓိနိမိတ်နဲ့ စပ်ပြီးတော့ ပြုလုပ်ဖွယ် ကိစ္စတွေကို စိတ်ဝင်တစား အကောင်းဆုံး တက်တက်ကြွကြွနဲ့ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ရပါမယ်၊ အဲ့သလို ပြုလုပ်ဆောင်ရွက်ရင် မိမိမှာ မရသေးသော ကုသိုလ်တရားများကို ရရှိမှာပါ။ ရရှိပြီးသား ကုသိုလ်တရားများ တိုးပွားလာမှာပါ၊ ပိုတိုးလာမှာပါ။

## "ညနေခင်းမှာ"

လူတွေအနေနဲ့ ညနေခင်းမှာ မိမိ မိမိတို့ရဲ့ စီးပွားရေး၊ ကြီးပွားရေး လုပ်ငန်းကိစ္စအသီးသီး ပေါ်မှာ စိတ်ဝင်တစား အကောင်းဆုံး တက်တက်ကြွကြွ စိတ်ပါလက်ပါ ပြုလုပ်ဆောင်ရွက်ရင် မရသေးသော စည်းစိမ်ဥစ္စာ ရတနာများ အောင်မြင်မှုများကို ရရှိမှာပါ၊ ရရှိပြီးသား စည်းစိမ်ဥစ္စာ ရတနာများ အောင်မြင်မှုများ တိုးပွားများပြားလာမှာပါ၊ အောင်မြင်သထက် အောင်မြင်လာမှာပါ၊ ချမ်းသာသထက် ချမ်းသာလာမှာပါ၊ ပြည့်စုံသထက် ပြည့်စုံလာမှာပါ။

ရှင်တွေ-ရဟန်းတွေ ယောဂီသူတော်စင်တွေအနေနဲ့ ညနေခင်းမှာ မိမိ မိမိတို့ရဲ့ ပရိယတ်၊ ပဋိပတ်၊ သမာဓိနိမိတ်နဲ့ စပ်ပြီးတော့

ပြုလုပ်ဖွယ်ကိစ္စတွေကို စိတ်ဝင်တစား အကောင်းဆုံး တက်တက်ကြွကြွနဲ့ စိတ်ပါလက်ပါ ဆည်းပူးအားထုတ် ပြုလုပ်ဆောင်ရွက်ရပါမယ်၊ အဲ့သလို ပြုလုပ်ဆောင်ရွက်ရင် မိမိမှာ မရသေးသော ကုသိုလ်တရားများကို ရရှိမှာပါ၊ ရရှိပြီးသော ကုသိုလ်တရားများ တိုးပွားများပြားလာမှာပါ။

ကဲ လင်္ကာလေးတွေကို ဆိုကြရအောင်ပါ။

၁။ မနက်ခင်းမှာ ၊ ပြုစရာ၊
ကောင်းစွာပြုလုပ်ပါ။

၂။ နေ့လည်ခင်းမှာ ၊ ပြုစရာ၊
ကောင်းစွာပြုလုပ်ပါ။

၃။ ညနေခင်းမှာ ၊ ပြုစရာ၊
ကောင်းစွာပြုလုပ်ပါ။

အခုပြောပြခဲ့တဲ့အတိုင်း မနက်ခင်းမှာ၊ နေ့လည်ခင်းမှာ၊ ညနေခင်းမှာ မိမိ မိမိတို့ ပြု လုပ်ရမယ့် လုပ်ငန်းကိစ္စ အဝဝတွေကို အမြဲ ထာဝစဉ် ပြုလုပ်ပါ၊ ဆောင်ရွက်ပါ၊ ကျင့်သုံးပါ လို့ တိုက်တွန်းပါတယ်။

## တယောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ

ဘိက္ခဝေ - ရဟန်းတော်များ အိုချစ် သားတို့ ၊ ဘိက္ခဝေ - တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့၊ တယော - သုံးမျိုး ကုန်သော၊ ဣမေ ပုဂ္ဂလာ - ဤနှစ်ဖက်လုံး စုံလုံး ကန်းနေသော ပုဂ္ဂိုလ်၊ တစ်ဖက်မြင်ပုဂ္ဂိုလ်၊ နှစ်ဖက်မြင် ပုဂ္ဂိုလ်တို့သည်၊ လောကသ္မိံ -

နှစ်ဝယ်မြစ် ဖြစ်ဝစချပ် [၉၅]

သတ္တလောက အတွင်း၌၊ သန္တော သံဝိဇ္ဇမာနာ - စင်စစ်မသွေ ထင်ရှားရှိကြပါကုန်၏။ ဣတိ -ဤသို့၊ ဘဂဝါ - မြတ်စွာဘုရားသည်၊ အဝေါစ - ကောင်းစွာမသွေ မိန့်ကြားတော်မူပါပေသတည်း။

သာဓု သာဓု သာဓု

**ချမ်းသာကြပါစေ**

**အရှင်ကုဏ္ဍိကာဘိဝံသ**
**မန္တလေးပဏ္ဍိတာရုံ**

၁၃၇၃-ခုနှစ်၊ ကဆုန်လပြည့်ကျော်
(၁၇-၅-၂၀၁၁)

အမှတ် ၂၇၅၂၄
ရက်စွဲ...... ...... ......

# မှတ်သားကြပါစို့

ပိုက်ဆံအိတ်ထဲ
အိတ်ထောင်ထဲဝယ်
သိမ်းဆည်းထည့်ထား
မြတ်ဘုရား၏
မှတ်သားဖွယ်ရာ
ပြောကြားပေးစွ
ဩဝါဒကို
ဟဒယအသဲ
စွဲထက်စွဲအောင်
လိုက်နာဆောင်ထား
မှတ်သားကြပါစို့။
ပွါးများကြပါစို့။

